မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၈)

နေပြည်တော် ဥဒယရုံသီကုန်းတော်ပြင်၌ တည်ထားကိုးကွယ်မည့် သတ္တသတ္တာဟစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာနှင့် မဟာဗောဓိပင် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော် ဥဒယရုံသီကုန်းတော်ပြင်၌ တည်ထားကိုးကွယ်မည့် သတ္တသတ္တာဟစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာနှင့် မဟာဗောဓိပင် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါ ကုန်းတော်ပြင်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး

စာမျက်နှာ ၄ ကော်လံ ၁ ◆

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့ ရတနာပန္နက်တော်၊ ရွှေလက်ရိုက်တော်၊ ရွှေတူရွှင်းတော်နှင့် ရွှေပန္နက်ကြိုးတော်များကို ဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

နေပြည်တော် ဥဒယရုံသီကုန်းတော်ပြင်၌ တည်ထားကိုးကွယ်မည့် သတ္တသတ္တာဟစေတီတော်နှင့် တရားစခန်းတည်ဆောက်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော် ဥဒယရုံသီကုန်းတော်ပြင်၌ တည်ထားကိုးကွယ်မည့် သတ္တသတ္တာဟစေတီတော်နှင့် တရားစခန်းတည်ဆောက်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ကုန်းတော်ပြင်ရှိ ဓမ္မာရုံတော်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒစရိယ နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဇနီး ဒေါ်နန်းရွှေမွန်နှင့် မိသားစုတို့က သာသနာ့ရိပ်သာတရားစခန်း၌ ကမ္မဋ္ဌာန်းကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၂၀ ရက်)

တောင်သူများ ဝင်ငွေတိုးရေး အရည်အသွေးကောင်းကြံသီးနှံများ တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်တောင်သူလယ်သမားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စပါးသီးနှံသည် အားထားရသည့် သီးနှံတစ်မျိုးဖြစ်သကဲ့သို့ နိုင်ငံတစ်ဝန်း စိုက်ဧက လေးသိန်းကျော်စိုက်ပျိုးလျက်ရှိသော ကြံသီးနှံသည်လည်း တောင်သူများအတွက် ဝင်ငွေတိုးစေသည့် သီးနှံတစ်မျိုးဖြစ်သည်။ ထို့ကြောင့် တောင်သူများ၏ဝင်ငွေတိုးတက်ရေးအတွက် ကြံသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ပေးရမည်ဖြစ်သည်။

ပြည်သူများ နေ့စဉ်စားသုံးနေသော သကြားအလုံအလောက်ထွက်ရှိနိုင်ရေးအတွက် ကြံသီးနှံဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသောကဏ္ဍတွင်ပါဝင်သည်။ သကြားစက်ရုံများအတွက် အခြေခံကုန်ကြမ်းများ အလုံအလောက်ရရှိရေးမှာ စိုက်ပျိုးထုတ်လုပ်သည့် ကြံသီးနှံများ၏ အရည်အသွေးကောင်းမွန်မှုအပေါ်တွင် အဓိကကျပေသည်။

ကြံသီးနှံများစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် အဓိကသော့ချက်ဖြစ်သည့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ အသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအသုံးပြုရန်၊ ဓာတ်မြေဩဇာ၊ သဘာဝဓာတ်မြေဩဇာများကို အချိန်ကိုက်၊ အချိုးကျအသုံးပြုရန်၊ မျိုးစေ့သွင်းအားစုအပါအဝင် အပင် စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်ရန်နှင့် ထွက်ရှိလာသည့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာရန် ကြိုးပမ်းဖော်ဆောင်ပေးကြရမည်ဖြစ်သည်။

မြန်မာ့ကြံသီးနှံဖွံ့ဖြိုးတိုးတက်ရေးနှင့် သကြားစက်များဆိုင်ရာ အခြေခံလိုအပ်ချက်ဖြစ်သော ပုဂ္ဂလိက ကြံစိုက်ပျိုးမှု အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းအားဖြင့် ကြံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူများအတွက် ဈေးကွက်ယှဉ်ပြိုင်မှုအရ တွက်ခြေကိုက်သော ဈေးနှုန်းရရှိစေနိုင်မည်ဖြစ်သည်။ ကြံသီးနှံအပေါ် တောင်သူ တစ်ဦးချင်း တွက်ခြေကိုက်အကျိုးရှိခြင်းအားဖြင့် စိုက်လိုအား ပိုမိုမြင့်မားလာစေခြင်းနှင့်အတူ ကြံသီးနှံ၏ အရည်အသွေးများပါ တိုးတက်လာမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လုပ်ငန်းစဉ် (၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသအသေးစားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက် စေရန် ဒေသခံတောင်သူများအား အထောက်အပံ့ဖြစ်စေမည့်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ကာ စိုက်ပျိုး စရိတ်များ၊ သွင်းအားစုများကို သက်သာသောအတိုးနှုန်းဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ တောင်သူများ အနေဖြင့် ဝင်ငွေပိုမိုရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များအသုံးပြု၍ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်း စနစ်များကို အသုံးပြုစိုက်ပျိုးသွားခြင်းဖြင့် ကြံသီးနှံအထွက်နှုန်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။

ကြံသီးနှံအထွက်နှုန်းတိုးတက်သည်နှင့်အမျှ ဝင်ငွေတိုးတက်ရရှိပြီး သကြားစက်ရုံများ၏ အခြေခံ ကုန်ကြမ်း လိုအပ်မှုများကို ပိုမိုဖြည့်ဆည်းနိုင်မည့်အပြင် တောင်သူများ၏လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာမည် ဖြစ်သဖြင့် အရည်အသွေးကောင်းသော ကြံသီးနှံများ တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရ ပါသည်။ ။

စိုက်ဧကစာရင်းမှန်ကန်ရေး အင်္ဂပူမြို့နယ်၌ဆောင်ရွက်

အင်္ဂပူ ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ စိုက်ဧကစာရင်းမှန်ကန်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်စိုး၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ဗိုလ်၊ ဟင်္သာတခရိုင် မြေစာရင်း ဦးစီးဌာနမှူး ဦးဝင်းမြင့်တို့သည် ဩဂုတ် ၁၅ ရက်က အင်္ဂပူမြို့နယ် မြေစာရင်းရုံးကို သွားရောက်စစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းလှိုင်က ဝန်ထမ်းအင်အားအခြေအနေ၊ မြေအသုံးချမှုအခြေအနေ၊ စိုက်ဧကစာရင်းမှန်ကန်ရေး ဆောင်ရွက်ထားမှုနှင့် လုပ်ကိုင်ခွင့်ရဧကအလိုက် တောင်သူဦးရေစာရင်းများကို ရှင်းလင်းတင်ပြ၍ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းမြင့်က ဟင်္သာတခရိုင်၏ မြို့နယ်အလိုက် ဆောင်ရွက်ထားမှုနှင့်စပ်လျဉ်းပြီး တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးက တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်းဦးစီး)**

တောင်ကြီး၌ အုတ်ရေလှောင်ကန်ဖွင့်

တောင်ကြီး ဩဂုတ် ၁၉

ကိုယ့်အားကိုယ်ကိုး အဝီစိတွင်း စက်ခန်း၊ ရေဂါလန် ၁၂၀၀၀ ဆံ့ အုတ်ရေ လှောင်ကန်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် စက်ခန်းနှင့် အုတ် ရေကန်ကို ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်ဖေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင် လတ်၊ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ပြီးနောက် **(အပေါ်ပုံ)** အဝီစိတွင်းစက်ခန်း၊ ရေလှောင်ကန်နှင့်ပတ်သက်သော စာရွက် စာတမ်းများအား ရွှေညောင်မြို့ မီးသတ် တပ်ဖွဲ့စခန်းမှူး ဦးမြင့်သန်းထံ လွှဲပြောင်း ပေးအပ်သည်။ ဆက်လက်၍ အလှူရှင် များအား တာဝန်ရှိသူများက မှတ်တမ်း တင်ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ထွေ/အုပ်)

တွံတေးမြို့နယ် အထက(၁) ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာ ရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၄ရက်က ကျင်းပရာ ငါးဘာသာဂုဏ်ထူးရှင် မဆုလဲ့ဇာခြည်မြင့်အား ကျောင်းအုပ် ဆရာကြီး ဦးတင်ထွန်းက ဂုဏ်ပြု လက်မှတ်နှင့် ငွေသားဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အင်းစိန်မြို့နယ်၌ ဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများနှင့်ပတ်သက်၍ ဌာန တွင်းဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀နာရီက တိုင်းဒေသကြီး မွေးမြူ ရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး (အင်းစိန်) ၌ ကျင်းပရာ တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းက တိရစ္ဆာန်ကူးစက် ရောဂါ ကာကွယ်ထိန်းချုပ်ရေးအစီအမံ များနှင့် လက်တွေ့ဆောင်ရွက်ရမည့်လုပ်ငန်း များကိုဆွေးနွေးပြောကြားသည်။

(အောက်ပုံ)

(တိုင်းဒေသကြီး မွေး/ကုဦးစီး)

တောင်ကြီးစက်မှုလက်မှုအထက်တန်းကျောင်း အာစရိယပူဇော်မည်

တောင်ကြီး ဩဂုတ် ၁၉

တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ (၈)ကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို တောင်ကြီးမြို့ တန်ဆောင်တိုင် ပွဲတော်နှင့်အတူ နိုဝင်ဘာ ၅ ရက်(စနေနေ့) ညနေ ၃ နာရီ၌ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာလ ၃ ရက်တွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာမည်ဖြစ်ပြီး လိုက်ပါမည့် ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများသည် အောက်တိုဘာ ၈ ရက် နောက်ဆုံးထားကာ ဦးစိုးမြင့် ဖုန်း-၀၉-၅၁၃၁၂၁၉၊ ဦးလှသိန်း ဖုန်း-၀၉-၅၁၉၂၉၇၅နှင့် ဦးညိုမင်းဒင် ဖုန်း-၀၉-၇၃၀-၂၈၁၇၃တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အငြိမ်းစား ဆရာ ဆရာမကြီးများသည် ဆရာဦးကျော်ချွန်(တောင်ကြီး) ဖုန်း-၀၈၁-၂၂၉၉၆၊ ဖုန်း- ၀၈၁-၂၀၀၆၇၆သို့ဆက်သွယ်ရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးတင် အောင်(တောင်ကြီး) ဖုန်း-၀၈၁-၂၀၀၆၅၉၊ ဦးစိုးညွန့်(တောင်ကြီး) ဖုန်း-၀၈၁- ၂၁၆၅၇၊ ဦးခင်မောင်ဝင်း(တောင်ကြီး) ဖုန်း-၀၉-၄၉၃၈၄၆၉၃၊ ဦးအေးဝင်း (မန္တလေး) ဖုန်း-၀၂-၆၂၅၄၄၊ ဦးအောင်မြင့်သိန်း (ပခုက္ကူ) ဖုန်း-၀၉-၂၁၀၅၁၅၊ ဦးကိုကိုလတ်(မိတ္ထီလာ) ဖုန်း-၀၆၄-၃၅၀၉၅ တို့ထံသို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

ပေါင်းစည်းလယ်ယာအတွင်း တောင်ကုတ်မြို့နယ်၌ ငါးမျိုးစိုက်ထည့်

တောင်ကုတ် ဩဂုတ် ၁၉

တောင်ကုတ်မြို့နယ် ငါးလုပ်ငန်းဦးစီး ဌာနမှကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ် ငန်းတစ်ရပ်အဖြစ် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက ကြိုးကြာကွင်းကျေးရွာအုပ်စု ရှိ တောင်သူဦးအောင်သိန်းပိုင် ပေါင်းစည်း လယ်ယာ၌ ကျင်းပသည်။

မျိုးစိုက်ထည့်

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆင့်က ငါးမျိုး စိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး တက်ရောက်လာသူများက ငါးတန်ကောင်ရေ ၅၀၀ကို လယ်ယာ အတွင်းသို့ မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိ ရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဩဂုတ် ၁၇ ရက်က ပျဉ်ချဆိပ်ကျေးရွာအုပ်စု ရွာသစ်အလကကျောင်းခွဲ(၁)၌ ကျင်းပရာ မြို့နယ် ဦးစီးဌာနမှူး ဦးရဲထွဋ်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်း ပေးအပ် စဉ်။

(မြို့နယ်လဝက)

ကျန်းမာရေးနှင့်ညီညွတ်သော ကုန်ပစ္စည်းများ ရောင်းချရေး စစ်ဆေး

ကန်ကြီးထောင့် ဩဂုတ် ၁၉

ကန်ကြီးထောင့်မြို့နယ် ဒါးကဈေးတွင် ကျန်းမာရေးနှင့်ညီညွတ်သော ကုန်ပစ္စည်း များရောင်းချရေးနှင့် အလေးချိန်ခွင်မှန်ကန်မှုရှိစေရေးအတွက် မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးလှသိန်းနှင့် ဝန်ထမ်း များ၊ ဒါးကကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဦးတို့ ဩဂုတ် ၅ရက်က ကွင်းဆင်း စစ်ဆေးခဲ့ ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ဇနီး ဒေါ်ခင်စောနှင်းနှင့်မိသားစုက သာသနာ့ရိပ်သာတရားစခန်း၌ ကမ္မဋ္ဌာန်းကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးဒေါ်နန်းရွှေမူန်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးဒေါ်ခင်ခင်ဝင်းနှင့်မိသားစုက သတ္တသတ္တာဟ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် သား သမီး၊ မြေးများမိသားစုက အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာ့ရိပ်သာတရားစခန်း၌ ကမ္မဋ္ဌာန်းကျောင်းဆောင် တစ်ဆောင်ဆောက်လုပ်ရန်အတွက် အလှူငွေများကိုပေးအပ်ရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလှူငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်သမ္မတထံ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဇနီးဒေါ်ခင်စောနှင်းနှင့် မိသားစု၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဇနီးဒေါ်နန်းရွှေမူန်နှင့်မိသားစုတို့က သာသနာ့ရိပ်သာ တရားစခန်း၌ ကမ္မဋ္ဌာန်းကျောင်းဆောင်တစ်ဆောင်စီ ဆောက်လုပ်ရန်အတွက် အလှူငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်မိသားစုများမှ ဆဋ္ဌမသတ္တာဟဖြစ်သည့် မုစလိန္ဒာရေကန်တော်တည်ဆောက်ရန်အတွက် လှူဒါန်းသည့် အလှူငွေများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့်သားသမီး၊ မြေးများမိသားစု၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ဇနီး ဒေါ်အေးအေးထွန်းနှင့် ဝန်ထမ်းများက အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်း

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဇနီးဒေါ်ကျင်ခိုင် မိသားစု၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဇနီးဒေါ်နန်းဖြူဖြူအေးမိသားစု၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဇနီး ဒေါက်တာဒေါ်ဝေဝေသာနှင့် ဝန်ထမ်းများ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်း၊ ဇနီးဒေါ်ခင်သန်းဝင်းနှင့်ဝန်ထမ်းများက အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဇနီး ဒေါ်ခင်မိမိနှင့် ဝန်ထမ်းများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်း၊ ဇနီးဒေါ်အေးအေးနှင့်ဝန်ထမ်းများ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်၊ ဇနီးဒေါ်သက်သက်ဆွေနှင့်ဝန်ထမ်းများ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းနှင့်ဝန်ထမ်းများ၊ စွမ်းအင်ဝန်ကြီးဌာနမှဝန်ထမ်းများ၊ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဇနီး ဒေါ်ဆွေဆွေချစ်နှင့်ဝန်ထမ်းများ၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဇနီး ဒေါ်မြင့်မြင့်ဆန်းနှင့်မိသားစု၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဇနီးဒေါက်တာဒေါ်ငွေးငွေးငြိမ်းနှင့်ဝန်ထမ်းများ၊ အေစီအီးကုမ္ပဏီမိသားစု၊ နေပြည်တော်ကောင်စီနှင့်နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၁၂၉၀၊ မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဒေါက်တာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးဒေါ်ခင်ခင်ဝင်းနှင့်မိသားစုက သတ္တသတ္တာဟသာသနာ့ရိပ်သာ တရားစခန်း၌ ကမ္မဋ္ဌာန်းကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေများကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခင်ရွှေက ငွေကျပ်သိန်း၁၅၀၀၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီမိသားစုက ငွေကျပ် ၂၂၀၇ဒသမ ၆သိန်း၊ IGE ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀၀၊ Max Myanmar Co.,Ltd. ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေးငွေးခိုင်မိသားစုက ငွေကျပ်သိန်း ၁၀၀၀၊ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ငွေး(အရှက်ဦး ဆောက်လုပ်ရေးကုမ္ပဏီ) မိသားစုက ငွေကျပ် သိန်း ၇၀၀၊ ဦးသိန်းဝင်း-ဒေါ်နီနှင့်သားသမီးမြေးများ ရွှေသံလွင်မိသားစုက ငွေကျပ်သိန်း ၅၀၀၊ ဦးပြည့်ဖြိုးအောင် (မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီ) မိသားစုက ငွေကျပ်သိန်း ၄၀၀၊ Moon Ray Co.,Ltd. မိသားစုက ငွေကျပ်သိန်း၃၈၀၊ ဦးသိန်း အောင်-ဒေါ်ခင်အေးဝင်း(သိဏ်းဆောက်လုပ်ရေးကုမ္ပဏီ) မိသားစုက ငွေကျပ် သိန်း ၃၀၀ အပါအဝင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်မိသားစုက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ယနေ့ကျင်းပသည့်အခမ်းအနားတွင် အလှူရှင် ၈၀ တို့၏ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၂၀၅၉၅ ဒသမ ၄၇ သိန်း ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ သတ္တသတ္တာဟစေတီတော်နှင့် တရားစခန်းတည်ဆောက်ရေးအတွက် အလှူငွေများ လှူဒါန်းလိုပါက နေပြည်တော်ကောင်စီဝင် ဦးကံချွန် ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှူဒါန်း

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးမြင့်မောင်ထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

◆ ရှေ့ဖုံးမှ

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်မှုဆည်းပူးခြင်း မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ထံ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ရတနာပန္နက်တော်၊ ရွှေလက်ရိုက်တော်၊ ရွှေတူရွင်းတော်နှင့် ရွှေပန္နက်ကြိုးတော်များကို ဆက်ကပ်လှူဒါန်းကြသည်။

စိုက်ထူပူဇော်

ထို့နောက် မဟာဗောဓိစေတီတော် ပန္နက်တော်ဌာနများ၊ အနိမိသစေတီတော်၊ ရတနာစင်္ကမစေတီတော်၊ ရတနာဃရရွှေအိမ်တော်၊ အဇပါလစေတီတော်၊ မုစလိန္ဒနဂါးရုံနှင့် ရာဇာယတနလင်းလွန်းပင်တို့ရှိ ပန္နက်တော်ဌာနများ၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် အလှူရှင်များက ရတနာပန္နက်တော်များကို တစ်ပြိုင်တည်းစိုက်ထူပူဇော်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ကိုးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးဒေါ်ခင်ခင်ဝင်းနှင့် ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်နိဒါန်းမှစ၍ မေတ္တသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးနှင့် ပရိသတ်များက နာယူကြသည်။

ပက်ဖျန်းကြဲဖြန့်

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်တို့ကို စေတီတော်ဝတ္ထုကံတွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပင့်ဆောင်

ယင်းနောက် ရတနာပန္နက်တော် စိုက်ထူပူဇော်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဥပါသကာများက ရတနာပန္နက်တော်၊ ရွှေလက်ရိုက်တော်၊ ရွှေတူရွင်းတော်နှင့် ရွှေပန္နက်ကြိုးတော်များကို စေတီတော်ဝတ္ထုကံသို့ ပင့်ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မဟာဗောဓိပင်ပန္နက်တော်ဌာန၌ ရတနာပန္နက်တော်(၉)ချက် စိုက်ထူပူဇော်ပေးပြီး ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက မဟာဗောဓိစေတီတော်ပန္နက်တော်ဌာနတွင် ရတနာပန္နက်တော်(၉)ချက် စိုက်ထူပူဇော်ပေးပြီး ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာဗောဓိပင် ပန္နက်တော်ဌာန၌ ရတနာပန္နက်တော်စိုက်ထူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာဗောဓိပင်ကို စိုက်ပျိုးပူဇော်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ တွင်းတော်ဝန်းခြင်း အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်သမ္မတက မဟာဗောဓိပင်ပန္နက်တော်ဌာန၌ တွင်းတော်ဝန်းပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များက သတ္တသတ္တာဟ စေတီတော်၏ ပန္နက်တော်ဌာန (၁၃)ဌာနတို့၌ တွင်းတော်ဝန်းပေးကြသည်။

ဆက်လက်၍ ကျမ်းဂန်တော်လာ ထုံးတမ်းစဉ်လာနှင့်အညီ နဂါးစာကျွေးမွေးခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များက အရှေ့အရပ်သို့ မျက်နှာမူ၍ ထမင်းဖြူ ကိုးဆုပ်၊ နို့စိမ်း၊ သောက်ရေသန့်တို့ဖြင့် နဂါးစာကျွေးမွေးကြသည်။

ယင်းနောက် မဟာဗောဓိပင် စိုက်ပျိုးပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မဟာဗောဓိပင် စိုက်ပျိုးပူဇော်မည့်နေရာ၌ ကျောက်မျက်ရတနာများ ထည့်သွင်းပူဇော်ပြီး မဟာဗောဓိပင်ကို စိုက်ပျိုးပူဇော်ပေးသည်။

ပက်ဖျန်းပူဇော်

ဆက်လက်၍ မြေဆီ၊ မြေလွှာ၊ မြေဩဇာများနှင့် ရေစင်ရေသန့်များ သွန်းလောင်းပေးကာ ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်သည်။

အဆိုပါမဟာဗောဓိပင်မှာ ဗုဒ္ဓဂယာရှိမဟာဗောဓိပင်မှ တောင်ဘက်ကိုင်းကို ပင့်ဆောင်၍ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ စိုက်ပျိုး ထားသော ညောင်ဗုဒ္ဓဟေပင်တော်မှ မျိုးဆက်ပွားပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

20-8 (04).pmd 1 8/20/2011, 2:49 AM

စာမျက်နှာ ၄ မှ

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တို့က မြေဆီ၊ မြေလွှာ၊ မြေဩဇာများနှင့်ရေစင်ရေသန့်များ သွန်းလောင်းပေးကာ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိပင်ကို လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာသူများက "ဇယန္တော ဗောဓိယာမူလေ" အစချီသော ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြပြီး မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသည်။

သတ္တသတ္တာဟစေတီတော်ကို နိုင်ငံတော်ငြိမ်းချမ်းသာယာစေရန် လည်းကောင်း၊ ဂေါတမမြတ်စွာဘုရားရှင် ပွင့်တော်မူရာ အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့ ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟနေရာများကို သွားရောက်ဖူးမြော်ရန် အခက်အခဲရှိသည့် မြန်မာပြည်သူများအနေဖြင့် မြန်မာနိုင်ငံအတွင်း၌ပင် အလွယ်တကူ ဖူးမြော်ကြည်ညို သဒ္ဓါပွားများနိုင်ကြစေရန်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း ရည်ရွယ်၍တည်ဆောက်ခြင်းဖြစ်သည်။

တည်ဆောက်

တည်ဆောက်ရာတွင် မဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟခုနစ်ဌာနဖြစ်သည့်မဟာဗောဓိပင်နှင့် ရွှေပလ္လင်တော်၊ အနိမိသစေတီတော်၊ ရတနာစင်္ကြံတော်၊ ရတနာဃရရွှေအိမ်တော်၊ အဇပါလညောင်ပင်၊ မုစလိန္ဒာရေကန်တော်နှင့် ရာဇယတနလင်းလွန်းပင်တို့ကို ဗုဒ္ဓဂယာ၌တည်ရှိသည့်ပုံစံအတိုင်း ထောင့်အရပ်တူ၊ အကွာအဝေးတူ၊ ပုံစံတူ တည်ဆောက်မည်ဖြစ်သည်။ အလားတူစေတီတော်ကို တည်ဆောက်ပူဇော်ရာတွင် ဆရာတော်ကြီးများ၏ ဩဝါဒများကို ခံယူ၍ ပိဋကတ်တော် ကျမ်းဂန်တော်လာ အဆိုအမိန့်များ၊ စေတီတော်တည်ထားကိုးကွယ်ခြင်းနှင့် စပ်လျဉ်းသည့် သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ နဝမဟာမင်္ဂလာကမ္မမင်္ဂလာအခမ်းအနား(၉)မျိုးတို့ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။



မူလသတ္တသတ္တာဟ ခုနစ်ဌာန၏ ဓာတ်ပုံမှတ်တမ်း။ (သတင်းစဉ်)

ဆရာတော်ထံ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆရာတော်ထံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အဆိုပါ သတ္တ သတ္တာဟခုနစ်ဌာနကို တည်ထားကိုးကွယ်နိုင်ရန်အတွက် အင်ဂျင်နီယာများ၊ မြန်မာမှုပညာရှင်များကို ဗုဒ္ဓဂယာသို့ သီးခြားစေလွှတ်၍ တည်နေရာအသေးစိတ်၊ လက်ရာအသေးစိတ်တို့ကို လေ့လာမှတ်သားစေခဲ့ပြီး တည်ဆောက်ပူဇော်သွားမည်ဖြစ်သည်။

သတ္တသတ္တာဟစေတီတော်သို့ နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီးရှိ ခွာညိုပန်းအဝိုင်းမှ နေပြည်တော်-တပ်ကုန်း ကွန်ကရစ်လမ်းသစ်မှတစ်ဆင့် သွားရောက်နိုင်သည်။

သတ္တသတ္တာဟစေတီတော်နှင့်အတူ သတ္တသတ္တာဟ သာသနာ့ရိပ်သာ တရားစခန်းကိုလည်း တည်ဆောက်လျက်ရှိသည်။ တရားစခန်းတွင် စေတီတော်တစ်ဆူ၊ ကမ္မဋ္ဌာန်းကျောင်းဆောင်(၂၄)လုံး၊ တရားဟောခန်းမကြီးတစ်ခုနှင့် ဆွမ်းစားကျောင်းဆောင်တစ်ဆောင်တို့ကို ဆောက်လုပ်လျက်ရှိသည်။ ကမ္မဋ္ဌာန်းကျောင်းဆောင်များကို ပဋ္ဌာန်းဒေသနာတော် (၂၄)ပစ္စည်းစက်ဝိုင်းပုံအတိုင်း တည်ဆောက်မည်ဖြစ်ပြီး စက်ဝိုင်းအလယ်တွင် လေးမျက်နှာစေတီတော်တစ်ဆူ တည်ထားမည်ဖြစ်သည်။ တရားစခန်းတွင် တရားအားထုတ်သူ ယောဂီများစိတ်အေးချမ်းစွာ တရားအားထုတ်နိုင်ရေးအတွက် နေထိုင်စားသောက်ရေးကိစ္စရပ်များကို သာသနာ့ရိပ်သာက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

တရားစခန်းတွင် မြတ်စွာဘုရားဟောပြည့်ကြားတော်မူသော ထေရဝါဒ ဝိပဿနာကျင့်စဉ်များနှင့် ညီညွတ်သော မည်သည့်ဝိပဿနာတရားတော်ကိုမဆို ဟောပြောပြသနိုင်ပြီး ဝိပဿနာတရားပြသတော်မူမည့် သံဃာတော်များသည် အာဂန္တု သံဃာတော်များအဖြစ် အလှည့်ကျသီတင်းသုံးကာ တရားပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

ဩဂုတ် ၁၉ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် (၆၆) နှစ်မြောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှိခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Sebastianus Sumarsono ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ အသေလှတဲ့သူ တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၁)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၃)
- ၈း၅၀ Activities in the City (National Buliding Code Development Project)
- ၉း၁၅ စစ်မှန် မှန်ကန်ခြင်းနှင့်ထပ်တူ
- ၉း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၀၅ သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း
- ၁၀း၃၀ သွားမယ်စားမယ် (ရွှေလီလှိုင်း၊ ကောင်းကောင်း)
- ၁၁း၀၀ Activities in the City [မြန်မာ-ဂျာမနီ စီးပွားရေးအသင်း (MGBA) ဖွင့်ပွဲအခမ်းအနား]
- ၁၁း၁၅ ဟိုတယ်လမ်းညွှန် (Mandalay Sedona)
- ၁၁း၄၀ ပန်းချီပြခန်း (ပင်လယ်ဆီသို့ ရေဆေးပြပွဲ)
- ၁၂း၀၀ သူတို့ပြောတဲ့သူတို့အကြောင်း (ချစ်ချစ်ဇော်နှင့်လင်းဇာနည်ဇော် တို့နှင့်တွေ့ဆုံခြင်း)
- ၁၂း၃၅ နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာ ရခိုင်သဟာယအသင်း(ရန်ကုန်)
- ၁၂း၅၀ အသေလှတဲ့သူ တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ VJ Choice
- ၃း၀၀ အရွယ်မရွေးလှပစေမည့်… Ginger Beauty Land
- ၃း၂၀ Kid's Show
- ၃း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၃)
- ၄း၅၅ Activities in the City (School of Logitics & Supply Chain Management)
- ၅း၁၀ ကြိုတင်ဆွေးနွေးအာဆီယံ စာရင်းကိုင်များအသင်းဟောပြောပွဲ
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Movie Talk ကြွေလွင့်ကြယ်ပွင့်များ (အပိုင်း -၈) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၁၀၂)
- ၇း၃၀ ဖက်ရှင်လမ်းညွှန် (ခေတ်စားနေသဲဇာဖက်ရှင်)
- ၈း၀၀ MRTV-4 သတင်း
- ၈း၂၅ **Barclays Premier League Everton Vs QPR**
- ၁၀း၂၅ ပရီမီယာလိဂ်ရှင်ခုန်သံ
- ၁၀း၅၅ **Barclays Premier League Chelsea Vs West Brom**
- ၁း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၃)
- ၁း၅၀ စပါးအထွက်တိုးခြင်းအစ မျိုးပင်ကောင်းမှ
- ၂း၀၅ World of Knowledge (Planet Mechanics)
- ၂း၅၅ **ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၃း၀၅ သင်ယူလေ့လာအင်္ဂလိပ်စာ Nexus Language Centre မှာ
- ၃း၂၀ ဝင့်ကြွားအားမာန် ကတိုက်တမံ
- ၃း၂၅ ပကတိအတိုင်း
- ၃း၅၀ ကံပေါက်ဒေသမှ လေ့လာစရာများ
- ၄း၁၀ အဓိဋ္ဌာန်ပြုကာ ဆုခြွေမည် ဦးရာဇ်တော်စေတီ
- ၄း၃၀ **FIFA U-20 WORLD CUP COLOMBIA 2011 (Mexico Vs France) (Live)**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၂၅	Sunderland-Newcastle	STAR SPORTS(Live)
၇း၁၀	Arsenal - Liverpool	ESPN (Live)
၈း၂၅	Aston Villa-Blackburn	ESPN(Live)
၈း၂၅	Everton- QPR	STAR SPORTS (Live)
၁၀း၅၅	Chelsea-West Brom	ESPN(Live)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

◆ *ကျောဖုံးမှ*

ယနေ့ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ စီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး မက်ခရိုစီးပွားရေး စီမံခန့်ခွဲမှု၊ လုပ်သားအင်အားနှင့် အလုပ်အကိုင်အခွင့်အလမ်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် ငွေကြေးပေါ်လစီဆိုင်ရာ ဆောင်ရွက်မှုများ စသည့်နယ်ပယ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များနှင့် စာတမ်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ စုံစုံညီညီ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားပြီးနောက် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် ညနေ ၃ နာရီတွင် အလုပ်ရုံဆွေးနွေးပွဲ (ပထမနေ့ အစီအစဉ်များ) ကို စတင်ကျင်းပသည်။

ဖတ်ကြားတင်သွင်း

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် အပိုင်း(၁) မက်ခရို စီးပွားရေးပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍ၌ သဘာပတိအဖြစ် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးမြင့်က ဆောင်ရွက်ပြီး စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးသိန်းက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးမူဝါဒစာတမ်း၊ ဦးစံသိန်းက မြန်မာနိုင်ငံ၏ ရသုံးငွေစာရင်းကို လေ့လာခြင်းစာတမ်း၊ ဒေါက်တာ ဇော်ဦးက ASEAN Economic Community in 2015: Opportunities and Challenges For Late Entrances စာတမ်း၊ ဒေါက်တာ ကျော်ရင်လှိုင်က Reforming government-Business Relations in Myanmar စာတမ်း၊ ဒေါက်တာ တင်မောင်မောင်သန်းက Myanmar and the Political Economy of Development စာတမ်း၊ ဒေါက်တာ ခင်မောင်လွင်က အစိမ်းရောင်စီးပွားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ဆက်လက်၍ အပိုင်း(၂) နိုင်ငံတော်၏ စီးပွားရေးအခြေခံများကဏ္ဍတွင် သဘာပတိအဖြစ် သံအမတ်ကြီး (အငြိမ်းစား) ဦးကျော်တင့်ဆွေက ဆောင်ရွက်ပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံကိန်း) ဒေါ်ဝင်းမြင့်က တိုင်းပြည်၏ ထုတ်လုပ်မှုစွမ်းအားနှင့် တိုင်းပြည်ဝင်ငွေဆိုင်ရာ စာရင်းဇယားများအတွက် ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များစာတမ်း၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ကထိက ဒေါက်တာ ဒေါ်သီဂီမြင့်က စိုက်ပျိုးရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုများစာတမ်း၊ ပို့ဆောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ပို့ဆောင်ရေးကဏ္ဍ၏ အနာဂတ်မျှော်မှန်းချက်စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ယနေ့တင်သွင်းသည့် စာတမ်းများအပေါ် တက်ရောက်လာကြသူများက ဝိုင်းဝန်းမေးမြန်း ဖြည့်စွက်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ(ပထမနေ့အစီအစဉ်များ)ကို ည ၇ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

ယနေ့ အလုပ်ရုံဆွေးနွေးပွဲ (ပထမနေ့အစီအစဉ်များ)တွင် စုစုပေါင်းစာတမ်းရှင် ကိုးဦးက စာတမ်းပေါင်း ကိုးစောင်ကို ဖတ်ကြားတင်သွင်းဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့ အစီအစဉ်များ)ကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

၂၀၁၁ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် စတင်ကျင်းပမည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များသည် ယနေ့နံနက် ၈နာရီမှ ညနေ ၆နာရီအထိ နေပြည်တော်ရှိ လွှတ်တော်ရုံးသို့ အသီးသီးလာရောက်သတင်းပို့ကြပြီး **(ယာပုံ)** လိုအပ်သည့် အုပ်ချုပ်မှုကိစ္စများကို ဆောင်ရွက်လျက်ရှိကြသည်။

ယနေ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ပေါင်း ၄၂၇ဦး လာရောက်သတင်းပို့ကြကြောင်းနှင့် အဆိုပါလွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့်သွားလာရေး စသည့်ကိစ္စအဝဝတို့ကို အဆင်ပြေချောမွေ့စေရန် တာဝန်ရှိသူများက ကြိုတင်စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။ လွှတ်တော်ကိုယ်စားလှယ်များလေ့လာနိုင်ရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ဝေသည့် ရုံးလုပ်ငန်းလက်စွဲ စာစောင်များကိုလည်း အရောင်းကောင်တာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Shweli (1) ကုမ္ပဏီတို့ စာချုပ်ချုပ်ဆို

နေပြည်တော် ဩဂုတ် ၁၉

ဩဂုတ် ၁၇ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး ခန်းမဆောင်၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Shweli (1)Hydropower Co.,Ltd. တို့အကြားချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အခမ်းအနားတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်နှင့် Shweli (1) Hydropower Co.,Ltd. တို့မှ Mr. Jiong Qiuei တို့က လျှပ်စစ်စွမ်းအားဝယ်ယူမှု သဘောတူစာချုပ် (PPA) ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းသာယာရေး အောင်မြင်ရရှိသည်အထိ သဘောထားကြီးစွာဖြင့် ဆက်လက်ဦးဆောင်လမ်းညွှန်ပေးနိုင်ရန်မျှော်လင့်

နေပြည်တော် ဩဂုတ် ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနား ခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာကြီး ဦးမဒိန်ဖုန်းကျန်းနှင့် အတွင်းရေးမှူး ဘုန်းတော်ကြီး ကင်နွန်အာဗြာဟမ်ဇော်ခေါင်တို့ လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၅ ရက် ရက်စွဲဖြင့် ကချင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် ထပ်မံဆန္ဒပြုမေတ္တာရပ်ခံခြင်းခေါင်းစဉ်ပါ စာတစ်စောင်အား ပေးပို့ခဲ့ကြောင်း သိရှိရသည်။ အဆိုပါစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားအပ်သော နိုင်ငံတော်သမ္မတကြီးခင်ဗျား၊

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည်လျက် ကြိုးပမ်းဆောင်ရွက်နေခြင်းကို အောင်မြင်ရေးအတွက် မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီမှ ဆုတောင်းမေတ္တာပို့သလျက်ရှိနေပါသည်။

၂။ နိုင်ငံတော်အစိုးရနှင့် KIO တို့ နှစ်ဦးနှစ်ဖက် ဖြစ်ပွားနေသော ပဋိပက္ခများအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ်အစိုးရမှ ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့ဖြင့် ညှိနှိုင်းဆောင်ရွက်နေသည်မှာ တိုးတက်မှုရှိနေကြောင်း ကြားသိရပါသဖြင့် အထူးဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြပါသည်။

၃။ နိုင်ငံတော်သမ္မတကြီးထံသို့ မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီမှ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ စာအမှတ် အမ်စီစီ ၁၆/၂၀၁၁ ဖြင့် ကချင်ပြည်နယ် ငြိမ်းချမ်းသာယာရေးအတွက် ဆန္ဒပြုမေတ္တာရပ်ခံခဲ့ကြပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတကြီးမှ ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းသာယာရေး အောင်မြင်ရရှိသည်အထိ သဘောထားကြီးစွာဖြင့် ဆက်လက်ဦးဆောင်လမ်းညွှန်ပေးနိုင်ရန်အတွက် မျှော်လင့်လျက် လေးစားစွာ ဆန္ဒပြုမေတ္တာရပ်ခံအပ်ပါသည်။

(ဘုန်းတော်ကြီးကင်နွန်အာဗြာဟမ်ဇော်ခေါင်)	**(သိက္ခာတော်ရဆရာကြီးဦးမဒိန်ဖုန်းကျန်း)**
အတွင်းရေးမှူး	**ဥက္ကဋ္ဌ**
မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီ	**မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီ**
မြစ်ကြီးနားမြို့	**မြစ်ကြီးနားမြို့**

(သတင်းစဉ်)

(၁၉)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၁၉)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန (၇၁)ဌာနတို့၌ ၂၀၁၁ ခုနှစ် ဇွန် ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

အုပ်စု(၁)ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁၆၆ ပါး၊ လေးကျမ်းအောင် ၁၃၇ ပါး၊ သုံးကျမ်းအောင် ၂၅၂ ပါး၊ နှစ်ကျမ်းအောင် အပါး၂၄၀၊ တစ်ကျမ်းအောင် အပါး ၃၇၀တို့ဖြစ်ကြသည်။

ဝိနည်းငါးကျမ်းအောင် ၁၆၆ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ ခုံအမှတ်စက-၃၄၁ အရှင်ကဝိသေဌာလင်္ကာရ အသက် ၂၃ နှစ် အဘ-ဦးတင်ဝင်း မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး (ပထမ)၊ ခုံအမှတ် မရ-၉၇ အရှင်ဇနိတာလင်္ကာရ အသက် ၂၃ နှစ် အဘ-ဦးအောင်တော တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (ဒုတိယ)၊ ခုံအမှတ် အမဇ-၁၁၃ ရှင်ကောဝိဒ အသက် ၁၈ နှစ် အဘ-ဦးမွန်းရှိန် အောင်ချမ်းသာ ပရိယတ္တိကျောင်း မြောက်စလင်းတိုက် အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီး(တတိယ)နှင့် ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ် မုံ-၂၉၄ မစန္ဒာသိရီ အသက် ၂၄ နှစ် အဘ-ဦးလှဦး သေုဝတီ သီလရှင်စာသင်တိုက် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး (သီလရှင်ပထမ)တို့ဖြစ်ကြသည်။

အုပ်စု(၂) ဒီဃနိကာယ (သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် အပါး ၃၀၊ နှစ်ကျမ်းအောင် ၃၃ ပါး၊ တစ်ကျမ်းအောင် ၂၅ ပါးတို့ဖြစ်ကြသည်။

ဒီဃနိကာယ်သုံးကျမ်းအောင် အပါး ၃၀အနက် ပထမ၊ ဒုတိယ၊ တတိယရရှိသောအထူးအောင်ပုဂ္ဂိုလ်များမှာ ခုံအမှတ် ဒဂတ-၁၁ အရှင်ဉာဏာလင်္ကာရ အသက် ၃၄ နှစ် အဘ-ဦးကျော် နိကာယ်စာသင်တိုက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး (ပထမ)၊ ခုံအမှတ် မုံ-၂ အရှင်ဥတ္တမာလင်္ကာရ အသက် ၃၄ နှစ် အဘ-ဦးတင်ရွှေ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး (ဒုတိယ)နှင့် ခုံအမှတ် စက-၈ အရှင်ပညောဘာသာလင်္ကာရ အသက် ၂၇ နှစ် အဘ-ဦးသန်းထွန်း တိပိဋကနိကာယကျောင်းတိုက် မင်းကွန်းစစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး (တတိယ)တို့ဖြစ်ကြသည်။

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အား ရန်ကုန်မြို့ အမေရိကန်ပြည်ထောင်စုသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Larry M. Dinger လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်သံရုံး ယာယီတာဝန်ခံ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ရန်ကုန်မြို့ အမေရိကန်ပြည်ထောင်စုသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Larry M. Dinger သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေး စံပြဆုရကျောင်းများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အထက(၁) တာမွေမြို့နယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ကျောင်းကျန်းမာရေး တိုင်းဒေသကြီးအဆင့် အဆင့်မြင့်ကျောင်း(စံပြ) ထူးချွန်ဆုနှင့် အကောင်းဆုံး စွမ်းဆောင်ရည်ဆုရ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း လှိုင်မြို့နယ်မှ ဆရာမကြီး ဒေါ်သာနုအေးအား ဆုချီးမြှင့်စဉ်။

(၁၂၂)

စစ်တောင်းမြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၁၉

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၃၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၆ စင်တီမီတာ (၂ဒသမ၂ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကယားပြည်နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးရရှိရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်က လွိုင်ကော်မြို့နယ် ပန်ကန်ကျေးရွာအုပ်စု ဆန်းဘွန်းကျေးရွာတွင် ပဒေါင်တိုင်းရင်းသူတစ်ဦးအား ပြည်နယ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုထွန်း နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (ပြည်နယ်လဝက)

ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၁၉

ဆရာတော် ဦးစန္ဒိမာ ထူထောင်ခဲ့သော သမိုင်းမြို့မကျောင်း [ယခု အထက(၁)နှင့် အမက(၂) မရမ်းကုန်း ကျောင်းများ]မှ ထူးချွန်ကျောင်းသားကျောင်းသူများအား ကျောင်းသားဟောင်းကြီးများက စန္ဒိမာဆုအဖြစ် နှစ်စဉ်ပညာရည်ချွန်ဆု ချီးမြှင့်ခဲ့ရာ ယခု (၂၂)ကြိမ်မြောက် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမက(၂) မရမ်းကုန်း ဆရာကျော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး လှူဒါန်းလိုသူများသည် ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဦးမြတ်ထွန်း ဖုန်း-၆၆၂၀၁၅၊ ဦးကျင်စိုး ဖုန်း-၀၉-၇၃၀-၁၂၈၂၉၊ ဒေါ်ခင်မြ ဖုန်း-၀၉-၇၃၁၂၇၁၁၁၊ ဦးမောင်မောင်သိန်း ဖုန်း-၀၉-၅၁-၃၁၆၀၈၊ ဒေါ်အေးအေးလှိုင် ဖုန်း-၀၁-၅၂၂၄၈၈ နှင့် ဆရာဦးမြင့်ဝေ ဖုန်း-၀၉-၈၆၂၅၉၉၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သန့်ရှင်းသော သား/ငါးများ ရောင်းချရေး ရွှေကူမြို့ဈေးများ၌ စစ်ဆေး

ရွှေကူ ဩဂုတ် ၁၉

ရွှေကူမြို့နယ် မြို့မဈေးအတွင်း ဝက်သား၊ အမဲသားနှင့် ကြက်သား အရောင်းဆိုင်များတွင် ရောင်းချသော အသားငါးများ သန့်ရှင်းလတ်ဆတ်မှုရှိရေးနှင့် တိရစ္ဆာန်ရောဂါကင်းရှင်းရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ မြို့နယ်မွေး/ကုဆရာဝန် ဒေါက်တာမောင်မောင်ဦးနှင့်အဖွဲ့က ဇူလိုင် ၂၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟသ်ာတ၌ မြေယာရှင်းအလှ ဆောင်ရွက်

ဟသ်ာတ ဩဂုတ် ၁၉

ဟသ်ာတမြို့နယ် မန်းဘခိုင်လမ်းဘေး မြေယာရှင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ထုတ်လုပ်သမျှ ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ဝင်ရောက်အောင် ဆောင်ရွက်

ပြည်တွင်းဈေးကွက်နဲ့ ပြည်ပဈေးကွက် နှစ်ခုလုံး လွတ်လပ်စွာဝင်ရောက်နိုင်မှ စီးပွားရေးတိုးတက်နိုင်

○ *ကျော်ဖုံးမှ*

ရရှိလာမယ့် အကြံဉာဏ်ကောင်းများကို ထည့်သွင်းစဉ်းစားပြီး လက်တွေ့ ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို တိုင်ပင်နှီးနှော ဖော်ထုတ်ကြရမှာ ဖြစ်ပါတယ်။

ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဆွေးနွေးပွဲကို လွန်ခဲ့တဲ့မေလကကျင်းပခဲ့ပြီး ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းကိစ္စရပ်များ အဆင်ပြေစေရန် ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အထောက်အကူပြုကော်မတီများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဆပ်ကော်မတီများဖွဲ့စည်းကာ Action Plan အရ လုပ်ငန်းကြီး (၈)ရပ်ကို ယခုအချိန်မှာ ဒေသအသီးသီးမှာ အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ မက်ခရိုစီးပွားရေးမူဝါဒ မြှင့်တင်ရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကတော့ နယ်ပယ်ကျယ်ဝန်းမှုကြောင့် ပညာရှင်များ၊ ဝန်ကြီးဌာနများအနေနဲ့ အချိန်ယူပြင်ဆင်ရတဲ့အတွက် ယခုမှ ကျင်းပဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

ခေတ်အဆက်ဆက် မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိရေးအတွက် နိုင်ငံတိုင်း ဖြတ်သန်းလာရတဲ့ သမိုင်းကြောင်းတစ်ခုပဲဖြစ်ပါတယ်။ နိုင်ငံတစ်ခုနဲ့ တစ်ခု တည်နေရာ၊ ရေမြေ၊ လူဦးရေ ပြည်တွင်းပြည်ပ အခြေအနေနဲ့ ဖြတ်သန်းခဲ့ကြတဲ့ သမိုင်းကြောင်းများ မတူညီကြတဲ့အတိုင်း စီးပွားရေးအခြေအနေများသည်လည်း ထပ်တူပုံတူ ဆောင်ရွက်လို့မရကြဘဲ ကွဲပြားခြားနားကြတာ တွေ့ရမှာဖြစ်ပါတယ်။ မည်သို့ပင်မတူ ကွဲပြားခြားနားသည်ဖြစ်စေ၊ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်နဲ့ ပြည်သူများဟာ အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းပြီး တိုးတက်ဖွံ့ဖြိုးအောင် ရည်မှန်းကြိုးစားကြတာချင်း တူညီခဲ့တာတွေ့ရပါတယ်။

လေ့လာပြုစု

ကျွန်တော်တို့ အစိုးရသစ်အနေနဲ့ အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးဖြစ်အောင် ဦးတည်ကြိုးပမ်းဆောင်ရွက်ရာမှာ တိုင်းပြည်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ဟာ အဓိကအကျဆုံးဖြစ်ပါတယ်။ တစ်နိုင်ငံလုံးရဲ့ စီးပွားရေး အဆောက်အအုံတစ်ခုလုံး ပြောင်းလဲတိုးတက်ဖို့ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေကို အခြေခံကျကျ လေ့လာသုံးသပ်ပြီး နိုင်ငံတော်နဲ့ ပြည်သူတို့အတွက် ပြုပြင်သင့်တဲ့ ဥပဒေစည်းမျဉ်း လုပ်ထုံးလုပ်နည်းတွေကို သက်ဆိုင်ရာကဏ္ဍများအလိုက် လေ့လာပြုစု ပြင်ဆင်ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ယခုလို စီးပွားရေးပညာရှင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနဲ့ ဆွေးနွေးဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံနဲ့ ဆီလျော်တဲ့ ဆွေးနွေးပွဲရလဒ်တွေကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်တဲ့အတွက် အစိုးရနဲ့ ပြည်သူလက်တွဲပြီး အောင်မြင်အောင် ဆက်လက်ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

ဧည့်သည်တော်များခင်ဗျား

ကမ္ဘာ့စီးပွားရေးအခြေအနေကို လေ့လာကြည့်ရင် ကမ္ဘာ့ငွေကြေး အကျပ်အတည်း၊ ရာသီဥတုပြောင်းလဲလာမှုနဲ့ စားနပ်ရိက္ခာ ဖူလုံစိတ်ချရရေး ပိုမိုလိုအပ်လာမှု၊ စွမ်းအင်လိုအပ်လာမှုတို့က ကမ္ဘာ့နိုင်ငံများနဲ့ ကမ္ဘာသူကမ္ဘာသားများအတွက် စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်တွေ့ကြုံနေရတာကို အများသိရှိပြီးဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရင်း ရာသီဥတုပြောင်းလဲမှု (Climate Change) အနေနဲ့ ရိုက်ခတ်လာမယ့် ဆိုးကျိုးသက်ရောက်မှုတွေကို ထည့်သွင်းစဉ်းစားထားရမှာ ဖြစ်ပါတယ်။ မက်ခရိုစီးပွားရေးအပေါ် ရာသီဥတုပြောင်းလဲမှုရဲ့သက်ရောက်မှုတွေဟာ ပြင်ပမှသက်ရောက်သောအချက် (External Variable) ဖြစ်တဲ့အတွက် မက်ခရိုစီးပွားရေးအား ရိုက်ခတ်လာမှုကိုမူ ထိန်းချုပ်ရန်ခက်ခဲပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ ကြုံတွေ့ခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်းဖြစ်ရပ်များက မြန်မာ့စီးပွားရေးအပေါ် ရိုက်ခတ်မှုများ ဖြစ်ပေါ်စေခဲ့သော်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူ၊ အပြည်ပြည်ဆိုင်ရာနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများရဲ့ ပူးပေါင်းလက်တွဲဖြေရှင်းဆောင်ရွက်မှုတွေကြောင့် ပြန်လည်ထူထောင်လာနိုင်မှု (Recovery) မှာ ပိုမိုမြန်ဆန်လာခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ၁၉၈၈ ခုနှစ်နောက်ပိုင်း စီးပွားရေးစနစ်ပြုပြင်ပြောင်းလဲလာခဲ့ပြီး တပ်မတော်အစိုးရလက်ထက်မှာ မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ၁၉၉၇ ခုနှစ် အာရှငွေကြေးအကျပ်အတည်းနဲ့ ၂၀၀၈ ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းတွေမှာ ဆိုးရွားစွာ ထိခိုက်မှုမရှိခဲ့တာကို တွေ့ရပါမယ်။ မိမိနိုင်ငံ၏ စီးပွားရေးအား အတိုင်းအတာတစ်ခုအထိ အကာအကွယ်ပေးထားခဲ့တဲ့အတွက် သက်ရောက်မှုနည်းပါးခဲ့ပါတယ်။ ဒါကလည်း ပြင်ပမှ သက်ရောက်သော အချက်များထဲမှာ ပါဝင်ပါတယ်။

စီးပွားရေးပိတ်ဆို့မှု

၁၉၈၈ နောက်ပိုင်းမှာ ပြည်ပနိုင်ငံတွေရဲ့ တရားဝင်ဖွံ့ဖြိုးမှု အကူအညီ (Official Development Assistance-ODA) များ လျော့ကျလာခဲ့ပြီး နောက်ပိုင်းနှစ်များမှာ အနောက်နိုင်ငံများရဲ့ စီးပွားရေးပိတ်ဆို့မှုများပါ ရင်ဆိုင်ခဲ့ရတဲ့အတွက် မက်ခရိုစီးပွားရေးအပေါ် ပြင်ပမှ လွှမ်းမိုးမှုများ (External Influences) များ သက်ရောက်မှုရှိခဲ့ပါတယ်။ ဒီသက်ရောက်မှုတွေကြားထဲမှာ မိမိတို့ ပြည်တွင်းအားနဲ့ နိုင်ငံဖွံ့ဖြိုးမှုအတွက် ကြိုးပမ်းရပ်တည်ခဲ့ရပါတယ်။

မိမိတို့နိုင်ငံမှာ လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးဦးတည်ချက်များချမှတ်ပြီး နည်းဗျူဟာအမျိုးမျိုးနဲ့ စဉ်းစားပုံဖော်လျက်ရှိရာမှာ ယခုဆိုရင် ဖွံ့ဖြိုးတိုးတက်တဲ့လမ်းကြောင်းပေါ် ရောက်ရှိနေပြီဖြစ်ပါတယ်။ တိုးတက်မှုပိုမိုလျင်မြန်စေရန်နဲ့ ကမ္ဘာ့အခြေအနေများနဲ့ကိုက်ညီအောင် လက်ရှိဘဏ္ဍာရေးနဲ့ ငွေကြေးဆိုင်ရာမူဝါဒများ၊ ဘဏ်လုပ်ငန်းစနစ်များ၊ ကုန်သွယ်မှုနဲ့ စက်မှုလုပ်ငန်းများဖွံ့ဖြိုးစေဖို့ မက်ခရိုစီးပွားရေးမူဝါဒများကို အခြားသောအထောက်အကူပြု အားဖြည့်မူဝါဒများ (Supporting Policies) ဖြစ်တဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒများ (Infrastructure Development Policies)၊ အဖွဲ့အစည်းဆိုင်ရာမူဝါဒများ (Institutional Framework Policies) စတာတွေနဲ့ ပေါင်းစပ်သုံးသပ်နိုင်ပါက ပိုမိုကောင်းမွန်တိုးတက်နိုင်မှာ ဖြစ်ပါတယ်။ ယင်းအချက်များဟာ မြန်မာ့မက်ခရိုစီးပွားရေးတည်ငြိမ်မှုအတွက် များစွာ ရောင်ပြန်ဟပ်နေတာကို တွေ့မြင်နိုင်ပါတယ်။

ပိုမိုဖွံ့ဖြိုးတိုးတက်

မြန်မာနိုင်ငံ၏ စီးပွားရေးဦးတည်ချက်များအဖြစ် ယခင်က စိုက်ပျိုးရေးကိုအခြေခံပြီး အခြားသောစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအဖြစ် ဦးတည်ခဲ့ရာမှ ယခုအခါ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအဖြစ်သို့ ကူးပြောင်းခဲ့ပါတယ်။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရေး ဦးတည်ချက်ကတော့ ယခင်အတိုင်းပင် သတ်မှတ်ထားရှိခဲ့ပါတယ်၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်ရုံနဲ့၊ ပြည်တွင်းဈေးကွက် တစ်ခုတည်း ဝင်ရောက်နိုင်ရုံနဲ့ စီးပွားရေးမတိုးတက်နိုင်ဘဲ ပြည်ပဈေးကွက် ဝင်ရောက်နိုင်ဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်သမျှ ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ဝင်ရောက်ဖို့ဆောင်ရွက်မှ တစ်နည်းအားဖြင့် ပြည်တွင်းဈေးကွက်နဲ့ ပြည်ပဈေးကွက် နှစ်ခုလုံး လွတ်လပ်စွာ ဝင်ရောက်နိုင်မှသာ စီးပွားရေးတိုးတက်နိုင်တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကာလတွေမှာ စီးပွားရေးတိုးတက်ဖို့ နှောင့်နှေးခဲ့ရခြင်းက ပြည်တွင်းအားနဲ့ ဈေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်တိုးတက်အောင် ကြိုးပမ်းခဲ့သော်လည်း အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းမှ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာအောင် ပံ့ပိုးမှုအကူအညီ (External Support) နည်းပါးခဲ့တဲ့အပြင် အချို့နေရာတွေမှာ နိုင်ငံတကာဈေးကွက် ဝင်မရတဲ့အတွက် တောင်သူလယ်သမားတွေအထိ စီးပွားရေးကျဆင်းခဲ့ရလို့ ထောင်စုနှစ်ရည်မှန်းချက်ရောက်အောင် ပြည်တွင်းအားနဲ့ ကြိုးစားခဲ့ရပါတယ်။

ဧည့်သည်တော်များခင်ဗျား

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုဟာ တစ်နည်းအားဖြင့် မက်ခရိုစီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု ရရှိခြင်းကိုဆိုလိုတာဖြစ်တဲ့အတွက် နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုကို ယေဘုယျအားဖြင့် အဲဒီနိုင်ငံရဲ့ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (Gross Domestic Products-GDP) နဲ့ ပြောင်းလဲပုံအခြေအနေ၊ လုပ်သားအလုပ်အကိုင်နဲ့ အခွင့်အလမ်း၊ ပြည်ပပို့ကုန်ထုတ်လုပ်မှုတန်ဖိုးများ ပြောင်းလဲမှုကိုကြည့်ပြီး တိုင်းတာသုံးသပ်ကြပါတယ်။ နိုင်ငံတိုင်းဟာ မက်ခရိုစီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေဖို့ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ လွတ်လပ်သော ဈေးကွက်နဲ့ ဈေးနှုန်းတည်ငြိမ်မှုရရှိရေး၊ ပြည်ပကုန်သွယ်မှုတွင် လုံခြုံချောမွေ့စေရေး စတဲ့ရည်မှန်းချက်တွေကိုချမှတ်ပြီး မက်ခရိုစီးပွားရေး စွမ်းဆောင်ရည် (Macroeconomic Performance) မြင့်မားလာအောင် ကြိုးပမ်းကြပါတယ်။ အဲဒီလို မက်ခရိုစီးပွားရေး ရည်မှန်းချက် (၄) ရပ်ကို အကောင်အထည်ဖော်ရာမှာ နိုင်ငံအစိုးရတွေဟာ ဘဏ္ဍာရေးဆိုင်ရာမူဝါဒ (Fiscal Policy)၊ ငွေကြေးဆိုင်ရာမူဝါဒ (Monetary Policy)၊ ပြည်ပစီးပွားရေးဆိုင်ရာမူဝါဒ (Foreign Economic Policy)၊ ဝင်ငွေဆိုင်ရာမူဝါဒ (Income Policy) စတာတွေနဲ့ ကိုင်တွယ်ကျင့်သုံးဆောင်ရွက်စေပါတယ်။ ဒီလို ပြုပြင်ပြောင်းလဲခြင်းတွေဟာ နိုင်ငံတစ်ခုရဲ့ ယှဉ်ပြိုင်နိုင်စွမ်း (National Competitiveness) ကို မြှင့်တင်ပေးရာ ရောက်ပါတယ်။

ပိုမိုဆွဲဆောင်

မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာမှာ စီမံအုပ်ချုပ်မှုနဲ့ လုပ်ထုံးလုပ်နည်းတွေဟာ ပွင့်လင်းမြင်သာမှုရှိဖို့ အထူးအရေးကြီးပါတယ်။ စီးပွားရေးလုပ်ငန်းများ လမ်းကြောင်းမှန်မှ သွေဖည်မသွားစေနိုင်ရန်၊ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်တစ်ရပ် (Enabling Business Environment) ပေါ်ပေါက်စေနိုင်ရန် လုပ်ထုံးလုပ်နည်းများကို လွယ်ကူမြန်ဆန်ရေးအတွက် နည်းလမ်းပေါင်းစုံကို အသုံးပြုနိုင်ရန် လိုအပ်သကဲ့သို့ ကြိုးနီစနစ်များ (Bureaucratic Redtapism) ကို လျှော့ချရန်လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံသား၊ နိုင်ငံခြားသား စီးပွားရေး လုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံလိုမှုကို ပိုမိုဆွဲဆောင်စေခြင်း၊ ကုန်သွယ်မှုများ ဖွံ့ဖြိုးလာခြင်းတို့မှတစ်ဆင့် လူမှု-စီးပွား ဖွံ့ဖြိုးမှုကို ဦးတည်နေစေမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် မက်ခရိုစီးပွားရေးအဆောက်အအုံကြီး ပိုမိုအားရှိစွာ လည်ပတ်နိုင်ရေးအတွက် ပြည်ပမှ အရင်းအနှီးများ စီးဝင်လာစေရန် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု Foreign Direct Investment (FDI) များအား ဖိတ်ခေါ်ဆွဲဆောင်နိုင်ရန် စီးပွားရေးဝန်းကျင်အခြေအနေကောင်းများ၊ စီးပွားရေးအခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက်ဖို့နဲ့ စီးပွားရေးအရ အတိုင်းအတာ တစ်ခုအထိ လွတ်လပ်ခွင့် (Certain Economic Freedom) ရှိရန် လိုအပ်ပါတယ်။ လုပ်ငန်းကဏ္ဍအသီးသီးရဲ့ ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်များ၊ အခွင့်အလမ်းများနဲ့ ဆောင်ရွက်နိုင်မှု အခြေအနေများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ သိရှိမှသာလျှင် FDI စီးဝင်လာမှု ပိုမိုလာမှာဖြစ်ပါတယ်။

ဧည့်သည်တော်များခင်ဗျား

နိုင်ငံများအနေနဲ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ ကမ္ဘာ့ပေါင်းစည်းယှက်နွှယ်မှုဖြစ်စဉ် (Globalization Process) အရ တစ်နိုင်ငံချင်း လုပ်ဆောင်မှုထက် အခြားသော ဒေသတွင်းနိုင်ငံတွေနဲ့ ဆက်စပ်ပူးပေါင်း လုပ်ဆောင်မှုများဟာ ပိုမိုထိရောက်လာပါတယ်။ ဒါ့ကြောင့် မိမိတို့နိုင်ငံသည်လည်း အာဆီယံအဖွဲ့အတွင်းမှာ အာဆီယံဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN Free Trade Area-AFTA) ကို ပူးပေါင်းပါဝင် အကောင်အထည်ဖော်လျက်ရှိပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ကို ၂၀၁၅ ခုနှစ်တွင် ပေါ်ပေါက်စေရန် ရည်မှန်းထားရှိပါတယ်။ လက်ရှိ အကောက်ခွန်နှုန်းများ လျှော့ချခြင်း၊ အကောက်ခွန်မဟုတ်တဲ့ ကုန်သွယ်ရေးအတားအဆီးများအား ဖယ်ရှားခြင်း၊ ကုန်သွယ်ရေးနှင့် အကောက်ခွန်စည်းမျဉ်း စည်းကမ်း၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်စေခြင်း၊ ဖြေလျှော့မှုပေးခြင်း၊ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရေး၊ အပြည်ပြည်ဆိုင်ရာနဲ့ ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ ပုဂ္ဂလိကကဏ္ဍများအကြား၊ စီးပွားရေးကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာလွှဲပြောင်း ဆောင်ရွက်ခြင်းစတဲ့ အစီအမံများ ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ အစီအမံများကို ပုဂ္ဂလိကကဏ္ဍအနေနဲ့ သိရှိနားလည်ပြီး မိမိတို့အတွက် အခွင့်အလမ်းများ ရယူနိုင်စေရန် ကြိုတင်ပြင်ဆင်နိုင်ဖို့ မှာကြားလိုပါတယ်။

ဧည့်သည်တော်များခင်ဗျား

တိုးတက်ရင်ပြီးရောဆိုတဲ့ အတွေးမျိုးနဲ့ ဖွံ့ဖြိုးမှုအရည်အသွေး (Quality) ကို ထည့်သွင်းမစဉ်းစားဘဲ အရေအတွက်အားဖြင့် တိုးတက်ခြင်းဆိုတဲ့ (Quantity Drive) မျိုးကို ရှော
ဖွံ့ဖြိုးမှုကို ရှုထောင့်ပေါင်းစုံ(Multidimensio
စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Devel
ကြိုးပမ်းရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လူ
ဆင်းရဲ- ချမ်းသာ ကွာဟမှုနည်းပါးပြီး လူတိုင်
အပွင့်တွေ ခံစားနိုင်စေမှသာ နိုင်ငံတစ်ခုအ
တိုးတက်မှု (Quality Growth Of a N
ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံတော်မှ
တိုးတက်ရေးနဲ့ ဒေသဆိုင်ရာ တိုးတက်မှုတွေ
အထည်ဖော်ဆောင်နေခြင်း ဖြစ်ပါတယ်။ နိုင်
တိုးတက်မှု (Balanced Growth) ရရှိစေနိ
စွမ်းဆောင်ရည် (Efficiency) တို့ကို သင့်
ရှာဖွေရမှာဖြစ်ပါတယ်။

ထိန်းကျောင်းကြပ်မ

ဒါ့အပြင် မက်ခရိုစီးပွားရေး တည်ငြိမ်မှု
ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ရာမှာ မိမိ
အုပ်ချုပ်မှုစနစ် (Good Governance) ကို
သန့်ရှင်းတဲ့အစိုးရ (Clean Government
ရှိပါတယ်။ မိမိတာဝန်ယူရတဲ့ အဖွဲ့အစည်း
ကင်းဝေးပြီး စည်းမျဉ်း၊ စည်းကမ်းဥပဒေနဲ့အ
နိုင်အောင် ထိန်းကျောင်းကြပ်မတ်သွားဖို့ လို

**ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်
အသီးသီး၊ အဆင့်အသီးသီးမှာရှိတဲ့ တာ
စီးပွားရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သေ
အဖွဲ့အစည်းများ၊ အမြတ်အတွက်လုပ်ကိုင်သေ
အမြတ်အတွက်မဟုတ်သော အဖွဲ့အစည်း၊
အစည်းအတွင်းမှာရှိတဲ့ ပါဝင်သူများ (Sta
သက်ဆိုင်ပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်မှု
စရိုက်နဲ့ အလေ့အထတွေဟာ ပါဝင်သူများအ
နေဖို့ လိုအပ်ပါတယ်။**

ဧည့်သည်တော်များခင်ဗျား

လူ့အဖွဲ့အစည်းအားအုပ်ချုပ်မှု (Soci
ဆိုရာမှာ မိမိကိုယ်မိမိ အုပ်ချုပ်စီမံခန့်ခွဲမှု (S
အလွန်အရေးပါပါတယ်။ လူပုဂ္ဂိုလ်တစ်ယော
တာဝန်သိမှုနဲ့ စည်းကမ်းရှိမှုတွေကို ဟန်ချ
ကျင့်သုံးနိုင်မှသာ လူ့အဖွဲ့အစည်းတစ်ရပ်လုံး
အကြား ဒီမိုကရေစီကျင့်စဉ်များထွန်းကားလာ
မှုစနစ်ဖြစ်ပေါ်စေဖို့ အထောက်အပံ့ပြု ပါဝင်
အစည်း ဧကန်မုချဖြစ်လာမှာ ဖြစ်ပါတယ်။
စနစ် "Good Governance" ရှိမှသာ ကော
တစ်ရပ် "Good Society" ဖြစ်လာနိုင်သ
"Good Society" ရှိမှသာလျှင် "Go
ဖြစ်ပေါ်စေနိုင်ပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိ
နေရာမှာ အခု ပထမဆုံးငါးနှစ်ဟာ အရေးကြ
မှာ ကျွန်တော်တို့အနေနဲ့ ခိုင်မာမှန်ကန်တဲ့ ခြေ
အနာဂတ်နိုင်ငံတော်ရဲ့ ရှေ့ခရီးဟာ ဖြောင့်ဖြ
အားနည်းချက် (Government Failure) မ
စီးပွားရေးလုပ်ဆောင်ချက်များ အကောင်
သယံဇာတများ ခွဲဝေရာမှာ၊ စီမံခန့်ခွဲမှုအရ
Management) မြင့်မားစေရန်၊ ဌာနများရဲ့
(Coordination Failure)၊ အထက်မှအော
(Top Down) နဲ့ လာဘ်ပေးလာဘ်ယူ (Co
ရှောင်ရှားကြရမှာဖြစ်ပါတယ်။ ဈေးကွက်စီးပွ
အစိုးရရဲ့အခန်းကဏ္ဍ (The Role of Gov

**ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေဖို့ဆိုရာမှာ အစိုးရဌာနအသ
အသီးသီးမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်များသာမက စီးပွားရေးအဖွဲ့အစည်
မဟုတ်သောအဖွဲ့အစည်းများ၊လူမှုအဖွဲ့အစည်းများ၊ အမြတ်အတွက်
အဖွဲ့အစည်း၊ အကျိုးအမြတ်အတွက်မဟုတ်သော အဖွဲ့အစည်း၊ ပြ
လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ ပါဝင်သူများ (Stakeholders
သက်ဆိုင်ပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေဖို့ အ
အလေ့အထတွေဟာ ပါဝင်သူများအားလုံးအကြား စိမ့်ဝင်ပျံ့နှံ့နေ
တယ်။**

ခြင်းဆိုတဲ့ (Quantity Drive) မျိုးကို ရှောင်ရှားကြရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုကို ရှုထောင့်ပေါင်းစုံ(Multidimensional Aspects) နဲ့ရှုမြင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development) အထိ ရည်မှန်းကြိုးပမ်းရမှာဖြစ်ပါတယ်။ ဒ့ါကြောင့် လူထုလူတန်းစားတွေအကြား ဆင်းရဲ- ချမ်းသာ ကွာဟမှုနည်းပါးပြီး လူတိုင်းလူတိုင်း ဖွံ့ဖြိုးမှုရဲ့ အသီးအပွင့်တွေ ခံစားနိုင်စေမှသာ နိုင်ငံတစ်ခုအတွက် အရည်အသွေးရှိတဲ့ တိုးတက်မှု (Quality Growth Of a Nation) ကိုဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ဒ့ါကြောင့်လည်း နိုင်ငံတော်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသဆိုင်ရာ တိုးတက်မှုတွေကို ဇောင်းပေးပြီး အကောင်အထည်ဖော်ဆောင်နေခြင်း ဖြစ်ပါတယ်။ နိုင်ငံတွေဟာ ဘက်ညီမျှတတဲ့ တိုးတက်မှု (Balanced Growth) ရရှိစေနိုင်ဖို့ မျှတမှု (Equity) နဲ့ စွမ်းဆောင်ရည် (Efficiency) တို့ကို သင့်တော်လိုက်ဖက် မျှတစွာ ရှာဖွေရမှာဖြစ်ပါတယ်။

ထိန်းကျောင်းကြပ်မတ်

ဒ့ါအပြင် မက်ခရိုစီးပွားရေး တည်ငြိမ်မှုအတွက် မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ရာမှာ မိမိတို့အစိုးရဟာ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ် (Good Governance) ကို ဖော်ဆောင်လျက်ရှိပါတယ်။ သန့်ရှင်းတဲ့အစိုးရ (Clean Government) ဖြစ်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတာဝန်ယူရတဲ့ အဖွဲ့အစည်းအား အဂတိလိုက်စားမှု ကင်းဝေးပြီး စည်းမျဉ်း၊ စည်းကမ်းဥပဒေနဲ့အညီ အကောင်အထည်ဖော်နိုင်အောင် ထိန်းကျောင်းကြပ်မတ်သွားဖို့ လိုအပ်ပါတယ်။

ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေဖို့ဆိုရာမှာ အစိုးရဌာနအသီးသီး၊ အဆင့်အသီးသီးမှာရှိတဲ့ တာဝန်ရှိ ပုဂ္ဂိုလ်များသာမက စီးပွားရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အမြတ်အတွက်လုပ်ကိုင်သော အဖွဲ့အစည်း၊ အကျိုးအမြတ်အတွက်မဟုတ်သော အဖွဲ့အစည်း၊ ပြည်သူများစတဲ့ လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ ပါဝင်သူများ (Stakeholders) အားလုံးနဲ့ သက်ဆိုင်ပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေဖို့ အကျင့်စရိုက်နဲ့ အလေ့အထတွေဟာ ပါဝင်သူများအားလုံးအကြား စိမ့်ဝင်ပျံ့နှံ့နေဖို့ လိုအပ်ပါတယ်။

ဧည့်သည်တော်များခင်ဗျား

လူ့အဖွဲ့အစည်းအားအုပ်ချုပ်မှု (Societal Governance) ဟု ဆိုရာမှာ မိမိကိုယ်မိမိ အုပ်ချုပ်စီမံခန့်ခွဲမှု (Self Governance) ဟာ အလွန်အရေးပါပါတယ်။ လူပုဂ္ဂိုလ်တစ်ယောက်ချင်းစီက လွတ်လပ်မှု၊ တာဝန်သိမှုနဲ့ စည်းကမ်းရှိမှုတွေကို ဟန်ချက်ညီညီနဲ့ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်မှသာ လူ့အဖွဲ့အစည်းတစ်ရပ်လုံးရှိ (Stakeholders) များအကြား ဒီမိုကရေစီကျင့်စဉ်များထွန်းကားလာပြီး ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေဖို့ အထောက်အပံ့ပြု ပါဝင်ဆောင်ရွက်နေတဲ့ လူ့အဖွဲ့အစည်း ဧကန်မုချဖြစ်လာမှာ ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ် "Good Governance" ရှိမှသာ ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် "Good Society" ဖြစ်လာနိုင်သလို အပြန်အလှန်အားဖြင့် "Good Society" ရှိမှသာလျှင် "Good Governance" ကို ဖြစ်ပေါ်စေနိုင်ပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်တဲ့ နေရာမှာ အခု ပထမဆုံးငါးနှစ်ဟာ အရေးကြီးဆုံးဖြစ်ပါတယ်၊ ဒီငါးနှစ်မှာ ကျွန်တော်တို့အနေနဲ့ ခိုင်မာမှန်ကန်တဲ့ ခြေလှမ်းတွေကို လှမ်းနိုင်မှသာ အနာဂတ်နိုင်ငံတော်ရဲ့ ရှေ့ခရီးဟာ ဖြောင့်ဖြူးမှာဖြစ်ပါတယ်။ အစိုးရရဲ့ အားနည်းချက် (Government Failure) မဖြစ်ရလေအောင် မက်ခရိုစီးပွားရေးလုပ်ဆောင်ချက်များ အကောင်အထည်ဖော်ဆောင်ရာမှာ၊ သယံဇာတများ ခွဲဝေရာမှာ၊ စီမံခန့်ခွဲမှုအရည်အသွေး (Quality of Management) မြင့်မားစေရန်၊ ဌာနများရဲ့ ချိတ်ဆက်မှုအားနည်းခြင်း (Coordination Failure)၊ အထက်မှအောက်သို့သာ အမိန့်ပေးခြင်း (Top Down) နဲ့ လာဘ်ပေးလာဘ်ယူ (Corruption) ကိစ္စရပ်များကို ရှောင်ရှားကြရမှာဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ဖို့အတွက် အစိုးရရဲ့အခန်းကဏ္ဍ (The Role of Government) ကို လျှော့ချပြီး

...ပေါ်စေဖို့ဆိုရာမှာ အစိုးရဌာနအသီးသီး၊ အဆင့် ...းသာမက စီးပွားရေးအဖွဲ့အစည်းများ၊ အစိုးရ ...အဖွဲ့အစည်းများ၊ အမြတ်အတွက်လုပ်ကိုင်သော ...က်မဟုတ်သော အဖွဲ့အစည်း၊ ပြည်သူများ စတဲ့ ...ဝင်သူများ (Stakeholders) အားလုံးနဲ့ ... အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေဖို့ အကျင့်စရိုက်နဲ့ ...အားလုံးအကြား စိမ့်ဝင်ပျံ့နှံ့နေဖို့ လိုအပ်ပါ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
သမ္မတအိမ်တော်တွင် ဒေါ်အောင်ဆန်းစုကြည်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၄ နာရီတွင် သမ္မတအိမ်တော်ရှိ နိုင်ငံတော်သမ္မတ၏ ရုံးခန်း၌ ဒေါ်အောင်ဆန်းစုကြည်အား လက်ခံတွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ခင်မင်ရင်းနှီးစွာ ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

နိုင်ငံတော်သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် မတူကွဲပြားသော သဘောထားအမြင်များ ဘေးဖယ်ထားပြီး နိုင်ငံနှင့် ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ သမ္မတ အိမ်တော်ရှိ နိုင်ငံတော်သမ္မတ၏ ရုံးခန်း၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပုဂ္ဂလိကရဲ့အခန်းကဏ္ဍ (The Role of Private Sector) ကို မြှင့်တင်ဆောင်ရွက်လျက်ရှိတာကို အများအသိပဲဖြစ်ပါတယ်။ အစိုးရရဲ့ အခန်းကဏ္ဍကို လျှော့ချလိုက်တာဖြစ်ပေမယ့်လည်း မိမိတို့အစိုးရဌာနများရဲ့ စွမ်းဆောင်ရည် (Efficiency) ဟာ ပိုမိုပြည့်ဝပြီး ထိရောက်မှု (Effectiveness) ရှိစေရန်တော့ လိုအပ်ပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးမှာ ပြည်သူတို့ရဲ့ အခန်းကဏ္ဍ၊ ပုဂ္ဂလိကရဲ့ အခန်းကဏ္ဍတို့ဟာ ကဏ္ဍပေါင်းစုံမှ ပါဝင်လာပြီး ပူးပေါင်းခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း စတဲ့ လုပ်ဆောင်ချက်တွေ အကျုံးဝင်လာပါတယ်။ အစိုးရပိုင်းက (Good Governance) ဖြစ်အောင် ကြိုးစားရုံနဲ့ တိုင်းပြည်စီးပွားရေးဟာ အခြားနိုင်ငံနဲ့ ရင်ပေါင်တန်းနိုင်တဲ့အဆင့်သို့ အလိုလိုရောက်မသွားနိုင်ဘဲ အဓိကကျတဲ့ Key Player ပုဂ္ဂလိကပိုင်းရဲ့ စိတ်ဓာတ်၊ အရည်အချင်း၊ ကြိုးစားမှုနဲ့ ညီညွတ်မှုတွေကို အထူးပြန်လည် တည်ဆောက်ပြီး ကောင်းမွန်သော စီးပွားရေးဝန်းကျင် (Good Business Environment) ဖြစ်အောင်ကြိုးစားဖို့ တိုက်တွန်းလိုပါတယ်။

နိုင်ငံများမှာ နိုင်ငံသားတွေနဲ့ နိုင်ငံအဖွဲ့အစည်းများရဲ့ စွမ်းရည် (Human and Institutional Ability) ဟာ ထိပ်တန်းက အရေးပါလာခဲ့ပါတယ်။ အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍ (The Role of Institution) ဆိုတာဟာ မိမိနိုင်ငံရဲ့မူဝါဒ (Policy)၊ မျှော်မှန်းချက် (Vision)၊ ရည်မှန်းချက် (Mission) များကို သိရှိနားလည်ပြီး အကောင်အထည်ဖော်ပေးနိုင်တဲ့ အဖွဲ့အစည်းများဖြစ်ရန် လိုအပ်ပါတယ်။ အဖွဲ့အစည်းတွေဟာ အမည်ခံဖွဲ့ထားတာမျိုးမဟုတ်ဘဲ သတ်မှတ်ထားတဲ့ ရည်မှန်းချက်များနဲ့အတူ အဖွဲ့အစည်းတိုင်းဟာ စွမ်းဆောင်ရည်နဲ့ ထိရောက်မှုရှိစွာ လုပ်ကိုင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဧည့်သည်တော်များခင်ဗျား

ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်ရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် စီးပွားရေးအဆောက်အအုံဟာ အကျင့်သိက္ခာရှိရှိ (Ethical)၊ တာဝန်ယူမှုရှိရှိ (Accountable)နဲ့ သင့်တော်ပြီး စည်းကမ်းကျနသော ဝန်းကျင်ကောင်းတစ်ရပ် ဖြစ်မှသာလျှင် ဈေးကွက်အတွင်း သင့်တော်မျှတသော ဝန်းကျင်ကောင်းတစ်ရပ် ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုရှိသော၊ ခေတ်မီစနစ်ကျသော ပုဂ္ဂလိကကဏ္ဍတစ်ရပ် ဖန်တီးရရှိရန် လိုက်လျောညီထွေစွာလည်ပတ်လျက်ရှိတဲ့၊ သင့်တော်တဲ့ယှဉ်ပြိုင်မှုရှိသော ဈေးကွက်စီးပွားရေးစနစ်တစ်ရပ် လိုအပ်ပါတယ်။ ဒါမှသာ ပြည်သူများအကြား အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်ပြီး ဥစ္စာဓနနဲ့ဝင်ငွေကို ဖန်တီးရာ ရောက်ပါမယ်။ သယံဇာတများကိုလည်း သူ့နေရာနဲ့သူ စွမ်းဆောင်ရည် ပြည့်ဝစွာနဲ့ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

လိုက်လျောညီထွေ

အစိုးရနဲ့ ပြည်သူတို့အကြား အပြန်အလှန် သက်ဝင်ယုံကြည်မှုရှိမှသာ အစိုးရ-ပုဂ္ဂလိက ဆက်ဆံရေး (Public-Private Relationship) ကို ကောင်းမွန်စေနိုင်ပြီး အုပ်ချုပ်မှုယန္တရား အချိတ်အဆက်မိစွာ လည်ပတ်စေနိုင်မှာ ဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်ပါတယ်။

မက်ခရိုစီးပွားရေးဆိုင်ရာမူဝါဒများကို ပြုပြင်ပြောင်းလဲရာမှာ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော ရလဒ်တစ်ခုကို ရရှိနိုင်ဖို့ ပေးဆပ်အနစ်နာခံရတဲ့ အခြေအနေမျိုးကို ကြုံတွေ့နိုင်တဲ့အတွက် မိမိတို့ စိတ်သဏ္ဌာန်မှာ ကြိုတင်ပြင်ဆင်ထားဖို့လည်း လိုအပ်ပါတယ်။ ပညာရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေနဲ့လည်း မက်ခရိုစီးပွားရေး မူဝါဒများကို ပေါင်းစပ်အသုံးပြုတဲ့အခါ စီးပွားရေးနယ်ပယ်အတွင်း လိုက်လျောညီထွေရှိဖို့၊ မူဝါဒပြုပြင်ပြောင်းလဲမှုများရဲ့ အချိုးအစား မှန်ကန်ရန် သတိချပ်ဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခုအလုပ်ရုံဆွေးနွေးပွဲမှာ ပြည်ထောင်စုဝန်ကြီးဌာနများသာမက အောက်ခြေမှာ လက်တွေ့အကောင်အထည်ဖော်ကြမယ့် ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ဖိတ်ကြားထားပါတယ်။ စီးပွားရေးပညာရှင်များနဲ့ အခြားဖိတ်ကြားသင့်သောနယ်ပယ်များမှ ကိုယ်စားလှယ်များပါ ဖိတ်ကြားထားပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ဝိုင်းဝန်းအကြံဉာဏ်ပေး ဆွေးနွေးကြပြီး ဆွေးနွေးပွဲရလဒ် ဖော်ထုတ်ချက်များအပေါ် အားသာချက်၊ အားနည်းချက်၊ အကျိုးအပြစ်များကို ထပ်မံခွဲခြမ်းစိတ်ဖြာ ဆွေးနွေးတိုင်ပင် ညှိနှိုင်းကြဖို့ လိုအပ်ပါတယ်။

မက်ခရိုစီးပွားရေး နယ်ပယ်ဟာ ကျယ်ပြန့်တဲ့အတွက် ရှုထောင့်အမျိုးမျိုးသော ဆွေးနွေးချက်တွေလည်း ပေါ်ပေါက်နိုင်ပါတယ်။ သူ့အယူအဆ၊ သူ့ဖြစ်ရပ်နဲ့ မှန်ကန်ပေမယ့်လည်း မူဝါဒအဆင့်မှာ အများအတွက် ပိုမိုကောင်းမွန်စေမယ့်အနေအထားကို ပေါင်းစပ်ပြီး စဉ်းစားကြရန် ပြောကြားလိုပါတယ်။ ဒီလို ဖော်ထုတ်ချက်တွေကနေတစ်ဆင့် လက်တွေ့အကောင်အထည်ဖော်ရမယ့် လုပ်ငန်းအစီအမံများကိုချမှတ်ပြီး စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိရေးအတွက် မက်ခရိုစီးပွားရေးမူဝါဒမြှင့်တင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစိုးရနဲ့ ပြည်သူတစ်ရပ်လုံး၊ လူထုလူတန်းစား အလွှာအသီးသီးက ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၈-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈:၀၅ ၇။ ကဗျာပန်းဥယျာဉ်
၈:၂၅ ၈။ **၂၀၁၁ခုနှစ် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား၊အမျိုးသမီး)**
၈:၄၀ ၉။ **International News**
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၁၀ ၅။ **Yan Can Cook**
၁၂:၃၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၆၉)
၁၃:၂၀ ၇။ (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြိုတင်ပြင်ဆင်မှုများ (ဘတ်စကက်ဘော)
၁၃:၄၀ ၈။ **၂၀၁၁ခုနှစ် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား၊ အမျိုးသမီး)**
၁၄:၀၀ ၉။ **Interntional Science New**
၁၄:၀၅ ၁၀။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၄:၁၅ ၁၁။ ဗိုလ်ကလေးတင့်အောင်၏ **ဘဝစာမျက်နှာများ (ယဉ်ကျေးမှုတက္ကသိုလ်)**
၁၄:၅၀ ၁၂။ **International News**
၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ **Myanmar National League MNL GRAND ROYAL CUP 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဇေယျာရွှေမြေအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း)**
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၄၀ ၆။ ယဉ်တစ်ကိုယ်မယ် (နွယ်နွယ်ထွန်း)
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၇)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၄၁)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသော ရုပ်သံလွှင့်မှူး** (အပိုင်း-၁)
၁၃။ **ဂီတတံခါးလေးဖွင့်ပါဦး**
၁၄။ အစီအစဉ်ပြီး၏။

ရောဝတီတံတား(ညောင်တုန်း) အပြီးသတ် သံပေါင်ရွေ့မူလီ တပ်ဆင်

နေပြည်တော် ဩဂုတ် ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)မှ တာဝန်ယူတည်ဆောက်နေသော ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ရှိ ကားလမ်းနှင့် ရထားလမ်းပါ ရောဝတီတံတား(ညောင်တုန်း) အပြီးသတ် သံပေါင်ရွေ့မူလီ တပ်ဆင်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါတံတားပေါ်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့က ရောဝတီတံတား(ညောင်တုန်း)အား အပြီးသတ်သံပေါင် ရွေ့မူလီများကို တပ်ဆင်ပေးကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ **(အပေါ်ပုံ)**အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ရောဝတီတံတား(ညောင်တုန်း)သည် ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ ကားလမ်းနှင့် ရထားလမ်းပါရှိသည့် သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ပြီး ပင်မတံတား အရှည် ၇၄၀၂ပေ၊ ချဉ်းကပ်ကားလမ်း နှစ်ဖက်အရှည် ၃၄၁၂ပေ၊ ချဉ်းကပ်ရထားလမ်း နှစ်ဖက်အရှည် ၁၃၁၄၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေ သုံးလက်မစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၂၆၂ပေ၊ အမြင့် ၅၇ပေရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ဆောင်ရွက်

တံတား၏ ခန်းဖွင့်ဖွဲ့စည်းပုံမှာ မီတာ ၁၂၀အရှည် ၁၆ခန်း၊ မီတာ ၁၀၀ အရှည်နှစ်ခန်း၊ မီတာ ၆၀ အရှည်နှစ်ခန်း စုစုပေါင်း သံပေါင်အခန်း ၂၀ ပါရှိသည့် အနက် ယခုအခါ အပြီးသတ် သံပေါင် တပ်ဆင်ပြီးဖြစ်၍ ကျန်ရှိသည့် တံတား ဆက်စပ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

ရောဝတီတိုင်းဒေသကြီး ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရောဝတီတိုင်းဒေသကြီးမှ မြို့နယ်အသင်းများ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ် (၂၁/၄၃)စီ ကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ဗဟန်းမြို့နယ်ရှိ ရောဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဦးစိုးဝင်း (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၆၁၁၁၀၇၊ ဦးစန်းလွင် (ဒုတိယ ဥက္ကဋ္ဌ) ဖုန်း-၆၃၆၇၈၀၊ ရဲသူရသန်းလှိုင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၃၇၉၂၃၁၊ ဦးလှဝင်း (အတွင်းရေးမှူး) ဖုန်း-၂၁၁၀၁၀ နှင့် အသင်းရုံး ဖုန်း-၃၇၀၅၇၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဗဟန်းမြို့နယ် ငါးထပ်ကြီးရိပ်သာလမ်း ခြံအမှတ် (၂)နေ ဒေါ်ခင်စန်းရင်မိသားစုနှင့် ဦးအောင်သက်ဦး-ဒေါ်ကေခိုင်ညွန့်မိသားစုတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် လေးသိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့်ဒေါက်တာလှမြင့်အောင်တို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

စန္ဒရားပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

စန္ဒရားပြိုင်ပွဲတေးသီချင်းများ

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ခိုင်ပန်းစုံ (ယိုးဒယား)
- (ခ) သေနင်္ဂမည် (ပတ်ပျိုး)
- (ဂ) အာကာယံထဲ (ပတ်ပျိုး)
- (ဃ) ယသော်ဓရာ (ယိုးဒယား)
- (င) မန်းမတောင်လက်ယာ (ယိုးဒယား)
- (စ) စိန်ကြယ်ညီးလင်း (မွန်)
- (ဆ) ကောင်းချီးသဓိ (မွန်)
- (ဇ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)

၂။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ယမုန်နာ (ပတ်ပျိုး)
- (ခ) ခါနွေဆန်း လန်းစီစီ (ယိုးဒယား)
- (ဂ) မိဘမေတ္တာ (ကာလပေါ်)(ဒေါ်ကြည်အောင်)

၃။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) ချစ်သမျှကို (ပတ်ပျိုး)
- (ခ) အတိုင်းမသိ (ဘွဲ့)
- (ဂ) စိမ်းမြရုံချယ်အောင်ပင်လယ် (ကာလပေါ်)(ကိုအံ့ကြီး)

၄။ **အခြေခံပညာ (၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) ဆန်းဆန်းသဥ္စာကြာညောင် (ယိုးဒယား)
- (ခ) မှန်ရဝေ (ပတ်ပျိုး)
- (ဂ) အလှထိပ်ခေါင်တင် (ကာလပေါ်)(မောင်သောင်း)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) တောနှင့်တောင်စွယ် (ယိုးဒယား)
- (ခ) ဗွေးတုတ် (ကာလပေါ်)(မေချစ်)
- (ဂ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) ဝေဘာဂီရိ (ကြိုး)
- (ခ) စံရာတောင်ကျွန်း (ကြိုး)
- (ဂ) မေတ္တာဂုဏ် (ကာလပေါ်)(ပြည်လှဖေ)

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်



ကာရစ်ဘီယံပင်လယ်၌ မုန်တိုင်းဖြစ်ပေါ် သတိပေးချက်ထုတ်ပြန်ထား

မာနာဂွါ ဩဂုတ် ၁၉

ကာရစ်ဘီယံပင်လယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းတစ်ခုသည် တဖြည်းဖြည်းအားကောင်းလာကာ လာမည့် ၄၈ နာရီအတွင်း ဟွန်ဒူးရပ်စ်၊ နီကာရာဂွါ၊ ဘရာဇီးနှင့် မက္ကဆီကိုနိုင်ငံအရှေ့ပိုင်း ယူကာတန်ကျွန်းဆွယ်များသို့ အင်အားပြင်းထန်သောမုန်တိုင်းအဖြစ် ဖြတ်သန်းတိုက်ခတ်နိုင်ဖွယ်ရှိကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းဌာနက ဩဂုတ် ၁၉ ရက်၌ သတိပေးချက် ထုတ်ပြန်ထားသည်။ (ဝဲပုံ)

အဆိုပါမုန်တိုင်းသည် နီကာရာဂွါနိုင်ငံ ကာဘိုဂရာစီရက်စ်မြို့အရှေ့မြောက်ဘက် မိုင် ၂၀၀ ခန့်အကွာ ပင်လယ်ပြင်၌ ဖြစ်တည်လျက်ရှိကြောင်း ဖလော်ရီဒါပြည်နယ် မီယာမီမြို့ အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်သောသတိပေးချက်၌ ဖော်ပြထားသည်။ ယင်းမုန်တိုင်းအခြေအနေကို သိရှိလေ့လာရန် အမေရိကန်လေတပ်မှ လေ့လာရေးလေယာဉ်တစ်စင်း စေလွှတ်ခဲ့သော်လည်း အင်ဂျင်ချွတ်ယွင်းမှုကြောင့် ပြန်လှည့်လာရကြောင်း၊ ၎င်းမုန်တိုင်းသည် လာမည့်နှစ်ရက်အတွင်း အင်အားပြင်းထန်သော အပူပိုင်းမုန်တိုင်းအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း မိုးလေဝသဆိုင်ရာ သုတေသနပညာရှင်များက ပြောကြားသည်။ အမေရိကန်နိုင်ငံ ကိတ်ဗာဒီကျွန်းအနောက်ဘက် မိုင် ၈၅၀ ခန့်အကွာတွင် ဖြစ်ပေါ်နေသော နောက်ထပ်အပူပိုင်းမုန်တိုင်းသစ်တစ်လုံးကိုလည်း အမေရိကန်ဟာရီကိန်းဌာနက စောင့်ကြည့်လျက်ရှိသည်။

(အင်တာနက်)

ဘယ်လ်ဂျီယံ၌ ဂီတပွဲတော်ကျင်းပနေစဉ် မုန်တိုင်းတိုက်ခတ်မှုကြောင့် ခြောက်ဦးသေဆုံး

ဟက်စ်ဆက် ဩဂုတ် ၁၉

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ အရှေ့ဘက် မိုင် ၅၀ ခန့်အကွာ ဟက်စ်ဆက်မြို့တွင် ဩဂုတ် ၁၈ ရက်က တေးဂီတဖျော်ဖြေပွဲ တစ်ရပ် ကျင်းပနေစဉ် မုန်တိုင်းတိုက်ခတ်မှုကြောင့် ခြောက်ဦးသေဆုံးကာ ၇၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဩဂုတ် ၁၉ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

တေးဂီတဖျော်ဖြေပွဲ၌ ရော့ခ်တေးဂီတ အကများဖြင့် တင်ဆက်နေစဉ် ရုတ်တရက် မုန်တိုင်းဝင်ရောက်တိုက်ခတ်ခြင်းဖြစ်ပြီး ဖျော်ဖြေရေးစင်မြင့်ပေါ်ရှိ အမိုးများပြိုလဲကျခဲ့သည်။

မုန်တိုင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ ပရိသတ်များ ကြောက်လန့်တကြား ပြေးလွှားခဲ့ကြကြောင်း၊ အခင်းဖြစ်ပွားရာသို့ လူနာတင်ယာဉ်အစီး ၂၀ခန့် ရောက်ရှိလာပြီး သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအား တင်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖျက်သိမ်းခဲ့ရ

မုန်တိုင်းကြောင့် ဂီတဖျော်ဖြေပွဲ ဧရိယာအတွင်း သစ်ပင်များပြိုလဲကျခဲ့သည်။ ယခုဖြစ်ရပ်ကြောင့် သုံးရက်ကြာကျင်းပမည့် ၎င်းဂီတပွဲတော်ကို ဖျက်သိမ်းခဲ့ရသည်။ ယင်းဂီတပွဲတော်သို့ ပရိသတ် ၅၀၀၀၀ ခန့် ရောက်ရှိအားပေး ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

(အင်တာနက်)

ကောလင်း၌ ချောင်းကောက်တံတားတည်ဆောက်

ကောလင်း ဩဂုတ် ၁၉

ကောလင်းမြို့နယ်အတွင်း မြို့သာယာလှပရေးနှင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူကောင်းမွန်ရေးအတွက်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် ဝန်ထမ်းများက စက်ရုံပြင်ရပ်ကွက် ကျောက်ပြင်သာလမ်းမပေါ်တွင် အုတ်ခုံခံချောင်းကောက် သစ်သားတံတား တည်ဆောက်ခဲ့ကြသည်။ အဆိုပါတံတား ပြီးစီးပါက မြို့နယ်အတွင်းလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

စစ်မှုထမ်းဟောင်းများအား ဂန့်ဂေါ၌ထောက်ပံ့

ဂန့်ဂေါ ဩဂုတ် ၁၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က သက်ကြီးစစ်မှုထမ်းဟောင်းများအားထောက်ပံ့မှုနှင့် ပညာသင်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်ဘို (ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ အရာခံဗိုလ် စောဖေ(ငြိမ်း)၊ အတွင်းရေးမှူး တပ်ကြပ်သန်းကျော်(ငြိမ်း)နှင့် တာဝန်ရှိသူများက အသက် ၇၅နှစ်နှင့် အထက် စစ်မှုထမ်းဟောင်း ၂၀ တို့အား ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆုများချီးမြှင့်

ထို့နောက် မိသားစုဝင်များ၏ သားသမီးများအနက်မှ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ တစ်ဦးတို့ အပါအဝင် စာမေးပွဲအောင်မြင်သူ ၁၁ ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိသည်။ **(၁၀၁)**

သီဟမင်း၊ ကြယ်စင်ဟိန်း ယာဉ်လိုင်းမိသားစု ပညာသင်ထောက်ပံ့ကြေးချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၉

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် သီဟမင်း၊ ကြယ်စင်ဟိန်း ယာဉ်လိုင်းမိသားစုက ပထမအကြိမ် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်စာရေးဝန်ထမ်းများ၏ သား၊ သမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ကြီးကြပ်မှုကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းလှိုင်နှင့် ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမောင်ချစ်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ကြရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် တာဝန်ရှိသူများက တက္ကသိုလ်အဆင့်နှင့် မူကြိုအဆင့်အထိ ကျောင်းသား ကျောင်းသူ ၅၂ ဦးနှင့် ကျောင်းခုနစ်ကျောင်းအတွက် စုစုပေါင်း လှူဒါန်းငွေကျပ် ၂၈ သိန်း ထောက်ပံ့ခဲ့သည်။

ထို့နောက် ထားဝယ်အသင်း (မော်လမြိုင်)နာယက ဦးကြည်ဝင်းက ပညာသင်ထောက်ပံ့ကြေး ငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းရာ သီဟမင်း၊ ကြယ်စင်ဟိန်း ယာဉ်လိုင်းဥက္ကဋ္ဌ ဦးစိန်မြင့်က လက်ခံယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးမြူရေးနှင့် သား၊ ငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး မြေပုံမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

မြေပုံ ဩဂုတ် ၁၉

မြေပုံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ မွေးမြူရေးနှင့် သား၊ ငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်က ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးမျိုးအောင်၊ ရခိုင်ပြည်နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ မောင်မောင်နှင့်အဖွဲ့သည် မြေပုံမြို့ပေါ်ရှိ ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ယာပုံ)**

သွားရောက်စစ်ဆေး

ထို့နောက် အဆိုပါအဖွဲ့သည် ဝက်ခေါင်းကျေးရွာသို့ သွားရောက်ပြီး ပုစွန်တစ်သား၊ စပါးတစ်သီး မွေးမြူစိုက်ပျိုး ထုတ်လုပ်သူများ အစုအဖွဲ့နှင့်တွေ့ဆုံကာ အစုအဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ပေါင်းစည်းလယ်ယာစနစ်ဖြင့် ဆောင်ရွက်နေသော စပါး၊ ငါးကွင်းသို့ သွားရောက်စစ်ဆေးကြည့်ရှုကြသည်။

အလားတူ ဩဂုတ် ၂ ရက်ကလည်း မြေပုံမြို့နယ် ကြက်ရေကြီးကျေးရွာသို့ သွားရောက်ပြီး ငါး၊ ပုစွန်မွေးမြူ ထုတ်လုပ်သူများ အစုအဖွဲ့နှင့်တွေ့ဆုံ၍ အစုအဖွဲ့ လုပ်ငန်းအောင်မြင်ရေးနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များ၊ အစုအဖွဲ့ကြီးကြပ်သူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၉

ဓမ္မာရုတနာကျောင်းစာကြည့်တိုက် ကျောက်တန်းမြို့၌ဖွင့်

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မြိုင်သာယာရပ်ကွက် ဓမ္မာဥသျှောင်သီလရှင်သင် ပညာရေးကျောင်း၌ ဓမ္မာရုတနာကျောင်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးမြင့်ငွေ၊ သရုပါ စာကြည့်တိုက်စာကြည့်တိုက်မှူး ဦးရဲထက်ဦး၊ စာရေးဆရာ မောင်သာချို တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးမြင့်ငွေ၊ စာရေးဆရာမောင်သာချို၊ အရှေ့ပိုင်းတက္ကသိုလ် သမိုင်းဌာနမှ လက်ထောက်ကထိကဒေါက်တာ သိန်းဦး၊ သရုပါစာကြည့်တိုက်မှူး ဦးရဲထက်ဦးနှင့် ဓမ္မာဥသျှောင်သီလရှင်သင် ပညာရေး ကျောင်းအုပ်ဆရာလေး ဒေါ်ဝိမလစာရီတို့က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း ဟောပြောကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက သုတ ရသစာအုပ် ၁၅၀၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ စာအုပ်စာစောင် ၁၀၀၊ သရုပါစာကြည့်တိုက်မှ စာအုပ်စာစောင် ၁၅၀ တို့ကို ကျောင်းစာကြည့်တိုက်အကျိုးဆောင် ဦးမောင်မြင့်ထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်သို့ တီဗွီနှင့် ဒီဗီဒီစက်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက် သုတဘဏ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ဇူလိုင် ၁၇ ရက်က ၂၁ လက်မ ရောင်စုံတီဗွီနှင့် ဒီဗီဒီစက်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးဝင်းနိုင်ကလှူဒါန်းရာ သုတဘဏ်စာကြည့်တိုက် ဥက္ကဋ္ဌ ဦးအောင်ကိုဦးက လက်ခံယူခဲ့သည်။ **(အောက်ပုံ)**

ရှင်းလင်းဆွေးနွေး

အဆိုပါ လှူဒါန်းပွဲသို့ လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မူမူတင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရဝဏ်အတွင်းရှိ တောင်ဘက်ဝတ် ရပ်ပွားဆင်းတုတော်မြတ်အား ရွှေသင်္ကန်းကပ်လှူရန်အတွက် ဩဂုတ် ၁၂ ရက်က စစ်ကဲကုန်းရပ်ကွက်နေ ဒေါ်လှရွှေ (ဘထူးအောင်အထည်ဆိုင်) မိသားစုက ငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်တို့ လက်ခံရယူစဉ်။ (၁၀၇)

စာအုပ်စာပေ လှူ့မိတ်ဆွေ

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

အရာတော် ဩဂုတ် ၁၉

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် အရာတော်မြို့ ပေါ်ရပ်ကွက်များရှိ ရေပေးဝေရေး ရေလှောင်ကန်များအတွင်း အဘိတ်ဆေးများ ခတ်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၅ ရက်က ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

သာယာဝတီမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေ ဒုတိယအကြိမ် ဖြည့်စွက်ထုတ်ချေး

သာယာဝတီ ဩဂုတ် ၁၉

၂၀၁၁ ခုနှစ် မိုးစပါးစိုက်ပျိုးရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား စပါးစိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကငွေကျပ် ၂၀၀၀၀ နှုန်း ထုတ်ချေးပေးခဲ့ရာမှ တစ်ဧကငွေကျပ် ၄၀၀၀၀ နှုန်းပြည့်မီရန် ထပ်မံ၍ ဒုတိယအကြိမ် တစ်ဧကငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဖြည့်စွက်ချေးငွေကို ဩဂုတ် ၁၆ရက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စုတွင် တောင်သူ ၁၈၃ဦးအားထုတ်ချေးခဲ့ရာ ချေးငွေကျပ် ၃၁၉ ဒသမ ၂ သိန်း ထုတ်ချေးပေးနေမှုကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အထွေထွေမန်နေဂျာ ဦးဝင်းဟန် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း မှုခင်းသတင်း

တောင်တွင်းကြီး၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

တောင်တွင်းကြီး ဩဂုတ် ၁၉

တောင်တွင်းကြီးမြို့ တောင်တွင်းကြီး-ပြည်ကားလမ်း စိုးသန့်လက်ဖက်ရည်ဆိုင်အနီး၌ ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မျက်နှာချင်းဆိုင်တိုက်မိ

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့နယ် တိုက်ပွဲကျေးရွာနေ ဝင်းဇော်(ဘ)ဦးတင်အုန်းသည် ကန်ဘို-၁၁၀ အစိမ်းရောင်မော်တော်ဆိုင်ကယ် (၄ယ/---)ပေါ်တွင် အလယ်မှ ဘန်းကုန်းဆည်နေ မတင်တင်တိုးနှင့် နောက်မှ ဦးတင်အုန်းတို့အား တင်ဆောင်လျက် တောင်တွင်းကြီး-ပြည်ကားလမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာရာ စိုးသန့်လက်ဖက်ရည်ဆိုင်အနီးသို့အရောက် ၄င်းလမ်းအတိုင်း ညောင်ပင်လှရွာနေ ကိုညွှန့်ဇော်(ဘ)ဦးစိန်ညွှန့်သည် ရှာယန်း-၁၁၀ အနက်ရောင်မော်တော်ဆိုင်ကယ် (၁၉ယ/---) ပေါ်တွင် နောက်မှ တစ်ရွာတည်းနေ ကိုဌေးလွင်အား တင်ဆောင်လျက် တောင်မှမြောက်သို့ မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်တိုက်မိခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြပြီး ကိုဌေးလွင်သည် ဦးခေါင်းဝဲဘက်ခြမ်း ပေါက်ပြဲဒဏ်ရာ၊ နဖူးပေါက်ပြဲဒဏ်ရာ ရရှိသဖြင့် တောင်တွင်းကြီးဆေးရုံမှ နေပြည်တော်ဆေးရုံကြီးသို့ လွှဲပို့ခဲ့ရာ ဩဂုတ် ၁၈ ရက် ည ၁၀နာရီခန့်တွင် သေဆုံးခဲ့သည်။ အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ ဝင်းဇော်နှင့် ညွှန့်ဇော်တို့အား သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(၁၁၇)**

မိုဘိုင်းလ်ဖုန်းခိုးယူမှု ဖြစ်ပွား

ရန်ကုန် ဩဂုတ် ၁၉

ဩဂုတ် ၈ရက် ညနေပိုင်းက မ-------သည် ရန်ကုန်မြို့ ရေကျော်လမ်းရှိ အင်တာနက်ဆိုင်တွင် ပြည်ပရောက် ခင်ပွန်းဖြစ်သူနှင့် ဖုန်းဖြင့်စကားပြောနေစဉ် မိမိ၏ မိုဘိုင်းလ်ဖုန်းခေါ်သံမြည်လာ၍ ဘေးခုံသို့ခေတ္တရွှေ့ထားလိုက်ရာ ဆိုင်အတွင်းသို့ နောက်ထပ်ရောက်လာသည့် အမျိုးသားတစ်ဦးက အဆိုပါမိုဘိုင်းလ်ဖုန်းအား ခိုးယူသွားကြောင်း မျက်မြင်တွေ့ရှိသူများထံမှ သိရှိရသည်။

သုံးသပ်ပြောဆို

ယခုအခါ ရန်ကုန်မြို့ နေရာအနှံ့အပြားတွင် မိုဘိုင်းလ်ဖုန်းခိုးယူမှုများ ဖြစ်ပွား လျက်ရှိရာ ကိုင်ဆောင်သုံးစွဲသူများအနေဖြင့် သတိချပ်ကိုင်တွယ်ကြရန် တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောဆိုကြောင်း သိရှိရသည်။

(ဥမ္မာသန့်-သတင်းစဉ်)

ရောင်းရန်

အသစ်ကဲ့သို့ကောင်းမွန်သော

(1) Marine Engine -(2) Units
Yanmar (Japan, 2004 Model)
600 Ps with Gear Box
6GXGT (Great Turbo)

(2) Generator -(1) Unit
Caterpillar (USA, 2002 Model)
SR4B 1250 kw (Open Type)
Skid Mounted Gen Set

ဖုန်း- ၅၁၆၁၆၀၊ ၅၁၆၁၆၂၊ ၅၁၆၀၃၁၊ ၅၁၆၁၇၉၊ ၀၉-၅၁၇၅၅၁၀၊ ၀၉-၅၁၇၅၅၀၆။

ပျောက်ဆုံးကြောင်း

ကျွန်တော်များ Flower Thit Sar Co.,Ltd. ၏ ကုမ္ပဏီလိုင်စင်ကတ်ပြားအမှတ် (၁၂၂၁/၂၀၁၀-၂၀၁၁)သည် ခရီးသွားရင်း ပျောက်သွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၃၈၁၁၇၂**

ဖခင်အမည်မှန်

အထက-၂၊ စမ်းချောင်း၊ တက္ကသိုလ်ဝင်တန်း(H)မှ မခိုင်ဇင်လှဲ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်း (ခ) ဦးမျိုးမင်းထွေးဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးအောင်ဟိန်း ၁၂/ဥကတ(နိုင်)၀၃၂၀၀၉ပိုင်ဆိုင်သော ယာဉ်အမှတ် ၈ဃ/၆၈၆၅ စက်မှုဇုန်ထုတ်ယာဉ် L/T ၏အခွန်ကျေပုံစံ-၁ မူရင်းစာရွက် ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၄၃၀၃၅၁၁၉**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ခန့်နောင် ၉/မခန(နိုင်)၁၆၃၄၁၆၏ နိုင်ငံကူးလက်မှတ် PP.No.937261 သည် ခရီးသွားရင်း ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၇၃၀၉၇၁၂၂

အမည်မှန်

ပြင်ဦးလွင်မြို့၊ ၂၀၁၁ ခုနှစ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (D) မှ မသင်းသင်းလှိုင်၏မိဘအမည်မှန်မှာ(ဦးစိန်ဗိုလ်)- ဒေါ်ဝင်း ၉/မမန(နိုင်)၀၄၉၁၅၅ ကိုင်ဆောင်သူဖြစ်ပါသည်။ **(ဦးစိန်ဗိုလ်)- ဒေါ်ဝင်း ၉/မမန(နိုင်)၀၄၉၁၅၅**

➤ မြင့်မောင်စိုး - စုစည်းသည် ➤

မန်ယူတို့ ၄-နိုင်ပွဲဆက်မှာလား

ဝက်စ်ဘရွန်းဘက်သို့ မန်ယူ တိုက်စစ်မှူး ရွန်နီ ဂိုးသွင်းယူစဉ်။

လန်ဒန် ဩဂုတ် ၁၉

ဒီနှစ် ပရီမီယာလိဂ်ပြိုင်ပွဲကာလဟာ ကစားသမားအပြောင်းအရွှေ့များတဲ့ရာသီလို့ ဆိုရမှာပါ။ ဒီနှစ်မှာ အာဆင်နယ်၊ မန်စီးတီး၊ လီဗာပူး တို့လိုအသင်းတွေက ကြေးကြီးဘောလုံးသမားတွေ ခေါ်ယူထားကြပါတယ်။ မန်ယူနဲ့ ချယ်လ်ဆီးကလည်း အတော်အတန် အားဖြည့်ခေါ်ယူထားပါတယ်။ ဘာပဲဖြစ်ဖြစ် ကစားသမားအသစ်တွေနဲ့ ပွဲထွက်လာမယ့် ပွဲစဉ် (၂)ကို ဩဂုတ် ၂၀ ရက် (စနေနေ့)မှာ ကစားကြမှာဖြစ်ပါတယ်။ ဩဂုတ် ၂၀ ရက် (စနေနေ့)ည အစောပိုင်းမှာတော့ အာဆင်နယ်ရဲ့ကွင်းမှာ လီဗာပူးတို့ သွားရောက်ကစားဖို့ရှိပါတယ်။ ပြီးခဲ့တဲ့အပတ်က နယူးကာဆယ်ကို သရေကျတဲ့ အာဆင်နယ်ဟာ အိမ်ကွင်းမှာ အနိုင်ရနိုင်မယ်လို့ ခန့်မှန်းရပါတယ်။ ဒါပေမယ့် လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်ရဲ့ တိုက်စစ်ကိုတော့ အတော်ပိတ်ဆို့ရပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် အာဆင်နယ်က သရေမဟုတ်ရင်တောင် ပွတ်ကာသီကာ အနိုင်ရမယ်လို့ ခန့်မှန်းရပါတယ်။

အဲဒီညနောက်ပိုင်းမှာတော့ ချယ်လ်ဆီးက ဝက်စ်ဘရွန်းနဲ့ကစားမှာပါ။ ဝက်စ်ဘရွန်းဟာ ပြီးခဲ့တဲ့ပွဲမန်ယူနဲ့ ကစားသွားတဲ့ခြေစွမ်းဟာ သိပ်မညံ့လှပါဘူး။ ဘာပဲဖြစ်ဖြစ် ချယ်လ်ဆီးက သူ့အိမ်ကွင်း သူ့ပရိသတ်ရှေ့မှာ အနိုင်ကစားမှာ သေချာပါတယ်။ ဒီစနေနေ့ညမှာပဲ အခြားပြိုင်ပွဲတွေဖြစ်တဲ့ ဆန်းဒါးလန်း-နယူးကာဆယ်၊ အက်စ်တွန်ဗီလာ-ဘလက်ဘန်း၊ အဲဗာတန်- QPR ၊ ဆွမ်ဆီး-ဝီဂန်တို့ပွဲတွေလည်း ကစားကြမှာဖြစ်ပါတယ်။ ဩဂုတ် ၂၁ ရက် (တနင်္ဂနွေနေ့)မှာတော့ အဓိကပြိုင်ပွဲကြီးအဖြစ် ဘော်လ်တန်နဲ့ မန်စီးတီးတို့တွေ့ကြမှာ ဖြစ်ပါတယ်။ သူတို့နှစ်သင်းစလုံးဟာ ပြီးခဲ့တဲ့အပတ်က တန်းတက်အသင်းတွေကို ဂိုးပြတ်အနိုင်ရခဲ့ကြတဲ့ အသင်းတွေဖြစ်ပါတယ်။ မန်စီးတီးက ဆွမ်ဆီးကို လေးဂိုးပြတ် အနိုင်ရခဲ့သလို ဘော်လ်တန်ကလည်း QPR ကို လေးဂိုးပြတ် သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒီပွဲဟာ ဘော်လ်တန်ကွင်းမှာ ကစားရမှာဆိုတော့ ပွဲကြီးပွဲကောင်းဖြစ်လာမှာ မလွဲပါဘူး။ အဲဒီနေ့မှာပဲ နော့ဝှစ်နဲ့ စတုတ်၊ ဝူဗာဟမ်တန်နဲ့ ဖူလ်ဟမ်တို့လည်း ကစားကြမှာဖြစ်ပါတယ်။

ဩဂုတ် ၂၂ ရက် ညချမ်းမှာတော့ အများမျှော်လင့်စောင့်စားနေတဲ့ မန်ယူနဲ့ စပါးတို့ ကစားကြမှာပါ။ ဒီပွဲမှာ မန်ယူက အိမ်ကွင်းမှာ ကစားရမှာဆိုပေမယ့် အဓိကခံစစ်မှူးတွေဖြစ်တဲ့ ဗီဒစ်နဲ့ ဖာဒီနန်တို့ ဒဏ်ရာတွေရထားတာကြောင့် နောက်တန်းအတွက် စိုးရိမ်စရာပါပဲ။ ပြီးခဲ့တဲ့အဖွင့်ပွဲမှာ ပွဲရှုံးထားခံရတဲ့ စပါးဟာ ဒီပွဲမှာ ခြေစွမ်းပြလိမ့်မယ်လို့ ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် မန်ယူက အိမ်ကွင်းဆို နိုင်လေ့ရှိတယ်လို့ ပရိသတ်တွေရဲ့ အားပေးပြောကြားမှုတွေနဲ့အတူ ရွန်နီ၊ နာနီနဲ့ အက်ရှ်လေယန်းတို့အတွဲဟာ မန်ယူအတွက် ရလဒ်ကောင်းတွေကို သယ်ဆောင်သွားဦးမှာပါ။ ။

ကိုးကား-အင်တာနက်

ဆင်ဆင်နာတီ တင်းနစ်ပြိုင်ပွဲ အင်ဒီမာရေး ကွာတားတက်လာ

အိုဟိုင်းယိုး ဩဂုတ် ၁၉

ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေး(ယာပုံ) သည် အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ဆင်ဆင်နာတီမြို့၌ ဩဂုတ် ၁၃ ရက်မှ ၂၁ ရက်အထိ ယှဉ်ပြိုင် ကစားလျက်ရှိသည့် Western & Southern Open တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်တင်းနစ်ကစားသမား ဘိုဂိုမိုလော့ဂျာအား အနိုင်ရပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ မာရေးသည် ဘိုဂိုမိုလော့ဂျာအား အချိန် ၁ နာရီနှင့် ၄၁ မိနစ် ကစားခဲ့ပြီးနောက် ၆-၂၊ ၇-၅ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မာရေးသည် ကွာတားဖိုင်နယ်တွင် ဂျီးလက်စ်ဆီမွန်နှင့် ကစားရမည်ဖြစ်သည်။ ဆီမွန်သည် ဒေးဗစ်ဖာရာကို အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်လာခြင်းဖြစ်သည်။ နာမည်ကြီးတင်းနစ်ကစားသမား ရာဖေးလ်နာဒယ်က တစ်နိုင်ငံတည်းသား ဗာဒက်စကိုအား ၇-၅ (၇-၅)၊ ၆-၇ (၄-၇)၊ ၇-၆ (၁၁-၉) ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ် တက်လာသည်။ ကမ္ဘာ့တတိယအဆင့်ရှိ ရော်ဂျာဖက်ဒဲယားက အမေရိကန်တင်းနစ်ကစားသမား ဂျိမ်းဘလိတ်ကို ၆-၄၊ ၆-၁ ဖြင့်နိုင်ပြီး ကွာတားတက်လာသည်။

(အင်တာနက်)

မြန်မာ့အလင်း
သဘာဝဘေး အန္တရာယ်သတင်း

သင့်သွေးဖြင့် အသက်ကယ်ပါ

ရွှေဘိုမှာ ရွာတဲ့မိုး

ရွှေဘို ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဩဂုတ် ၁၇ ရက် နံနက် ၅ နာရီခန့်က စတင်ပြီး မိုးအဆက်မပြတ်ရွာသွန်းရာ မြို့ပေါ်ရှိ ၁၀ ရပ်ကွက်စလုံး ရေများဖြင့်ဖွေးဖွေး လျှပ်သွားခဲ့သည်။ ယခု ရွာသွန်းသောမိုးသည် လွန်ခဲ့သော ၂၇ နှစ်အတွင်း အမြင့်ဆုံးစံချိန်ဖြစ်ပြီး မိုးရေချိန် ၄ ဒသမ ၂၅ လက်မ ဖြစ်သည်။ မှတ်တမ်းများအရ ၁၉၈၄ ခုနှစ်က ရွာသွန်းခဲ့သော မိုးရေချိန်မှာ ၄ ဒသမ ၂၉ လက်မ ရှိခဲ့သဖြင့် ၁၉၈၄ ခုနှစ် နောက်ပိုင်း အမြင့်ဆုံးစံချိန်ဖြစ်သည်။

(အပေါ်ပုံ)

ရေနစ်မြုပ်ရပ်ကွက်အသီးသီးနှင့် သက္ကယ်တန်းချောင်းတို့သို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကိုကို၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုပြီး သက္ကယ်တန်းချောင်းတစ်လျှောက် ရေလျှံနိုင်သည့် နေရာများတွင် သဲအိတ်များချခြင်း၊ ရေအလျင်အမြန် လျော့ပါးသွားစေရေးအတွက် ရေစီးရေလာကောင်းမွန်အောင် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၅ဝ)**

ရန်ကုန်မှာ ရွာတဲ့မိုး

ရန်ကုန် ဩဂုတ် ၁၉

ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီခန့်မှစ၍ မွန်းလွဲ ၁ နာရီခန့်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရန်ကုန်တိုင်းဒေသကြီး နေရာအချို့၌ ရေလျှံမှုများ ဖြစ်ပွားခဲ့ရာ မော်တော်ယာဉ်သွားလာမှုများ ကြန့်ကြာခဲ့ရကြောင်း သိရှိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုလ၌ စံချိန်တင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မိုးရွာသွန်းမှုကြောင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗဟန်းမြို့နယ်နှင့် အခြားမြေနိမ့်ပိုင်းရှိသည့် မြို့နယ်တို့တွင် ရေလျှံမှုဖြစ်ပွားကြောင်း သိရှိရသည်။

ခင်ရတနာ (ဗဟန်း)

မင်္ဂလာတောင် ညွန့်မြို့နယ် သိမ်ဖြူလမ်းအတွင်း လမ်း မ ပေါ် ရေ လျှံ မှု ဖြစ်ပွားစဉ်။

မြောက်ပိုင်းဒေသများ၌ မိုးလျော့နည်းနိုင်

နေပြည်တော် ဩဂုတ် ၁၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်တွင် မုတ်သုံလေအားနည်းနေသည်။

ဩဂုတ် ၂၀ ရက်ညနေအထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက် နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဩဂုတ်လ စတုတ္ထသီတင်းပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အုတ်တွင်း၌ ခြင်ဆေးဖျန်း

အုတ်တွင်း ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ပေါ်ရှိ အထက(၁)နှင့် ဈေးရပ်ကွက် လူနေအိမ်များ၌ ဇူလိုင် ၁၂ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခိုင်ထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(၃၁၆)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

သာပေါင်း၌ ကျောက်ချောလမ်းခင်း

သာပေါင်း ဩဂုတ် ၁၉

သာပေါင်းမြို့နယ်၌ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရန် လမ်းများ အဆင့်မြှင့်တင်လျက်ရှိရာ ဩဂုတ် ၁၀ ရက်က မြို့သစ် (၃)လမ်းကို ကျောက်ချောလမ်းအဖြစ် ကျောက်ချောခင်းလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်အောင် ဦးတည်ကြိုးပမ်းဆောင်ရွက်ရာမှာ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အဓိကကျ တိုးတက်ရင်ပြီးရောဆိုတဲ့ အတွေးမျိုးနဲ့ အရေအတွက်တိုးတက်ခြင်းမျိုးကိုရှောင် ဖွံ့ဖြိုးမှုကို ရှုထောင့်ပေါင်းစုံနဲ့ရှုမြင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအထိ ရည်မှန်းကြိုးပမ်း မက်ခရိုစီးပွားရေးဆိုင်ရာ မူဝါဒမြှင့်တင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၉

ယနေ့ကျင်းပသည့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသော မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

"နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ" သို့ ကြွရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကြွရောက်လာသူများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။

ရည်ရွယ်ချက်

ဒီအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်မှုအတွက် မက်ခရိုစီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်အောင်မြင်ဖို့အတွက် ယခုကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ စီးပွားရေးပညာရှင်များ၊ အစိုးရဌာနများနှင့် ဘဏ်အသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အခြားအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးကြပြီး စာမျက်နှာ ၈ ကော်လံ ၁ ❍

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်မှုအတွက် မက်ခရိုစီးပွားရေးမူဝါဒပြုပြင်ပြောင်းလဲရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်နှင့် အဆိုပါရည်ရွယ်ချက်အောင်မြင်ရန်အတွက် ယနေ့ကျင်းပသည့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေးပညာရှင်များ၊ အစိုးရဌာနများနှင့် ဘဏ်အသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အခြားအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးကြပြီး ရရှိလာမည့် အကြံဉာဏ်ကောင်းများကို ထည့်သွင်းစဉ်းစား၍ လက်တွေ့ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို တိုင်ပင်နှီးနှောဖော်ထုတ်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပသည့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ◆

မြန်မာ့အလင်း နိုင်ငံတကာအားကစားသတင်းအညွှန်း



ဆင် ဆင် နာ တီ တင်းနစ်ပြိုင်ပွဲ အင်ဒီ မာရေး ကွာတား တက်လာ။ (စာ-၁၂)

မန်ယူတို့ နိုင်ပွဲ ဆက်မှာလား။ (စာ-၁၂)